# ရေးလာတဲ့စာ

## နအဖ ညောင်နှစ်ပင်ဖျော်ဖြေပွဲနှင့် ပေါ်လစီအဆိုတော်အဖြစ်မှ လွတ်ကျွတ်သွားသူများ၏ဖြစ်အင်

### သို့/ သျှမ်းသံတော်ဆင့် အယ်ဒီတာ ခင်ဗျား –

1998-99-2000 တုန်းက စစ်အုပ်စုအလိုတော်ရိ – နအဖ ဘုန်းတော်ဘွဲ့ တေးရေးဆရာ မြသန်းစံ(ရခိုင်လူမျိုးစစ်ဗိုလ်)က ပေါ်လစီတေး သီချင်းတွေရေးပြီး တေးသံရှင် စိုင်းထီးဆိုင်/ခိုင်ထူး .....အစရှိတဲ့ အဆိုတော်တွေကိုသီဆိုခိုင်းပါတယ်။ စစ်အစိုးရ ဟိမဝန္တာ ချိုးမွှမ်းခဏ်းပေါ်လစီ တေးသီချင်းတွေကြောင့် သူတို့ရဲ့တေးချစ်သူပရိသတ်တွေစိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရတယ်။ ဒါကြောင့်နောက်ပိုင်းမှာ တေးချစ်သူပရိသတ် တွေကို ပြန်လည်ချော့မော့ဖို့ စိုင်းထီးဆိုင်၊ ကိုခိုင်ထူးတို့ နည်းလမ်းရှာရတော့တယ်။

ဖြစ်ချင်တော့ 2005 ညောင်နှစ်ပင်ညီလာခံမှာပုတ်သင်ညိုတွေ နအဖရဲ့ ပေါ်လစီသီချင်းဖျော်ဖြေပေးဖို့ အမိန့်စာလက်ခံရတော့ အခွင့်အရေးအသုံးရှုံးမခံဘဲ စိုင်းထီးဆိုင်က**နံရံကိုလက်သီးနဲ့ထိုးမိတယ်** သီချင်းဆိုလိုက်တယ်။ခိုင်ထူး အလှည့်ရောက်တော့လဲ **မင်းပေးခဲ့တဲ့ကတိတွေဘယ်များရောက်သွားပြီလဲ** ဆိုတဲ့သီချင်းကိုရွေးဆိုလိုက်တော့ **န** ပြီး **အ** တဲ့ စစ်တပ်အဖ အဖို့ ရွှေနားတော်ခါးသွားခဲ့ပါတယ်။ အဲဒီချိန်က စပြီး သူတို့နှစ်ယောက်ကို ပေါ်လစီသီချင်းတွေမဆိုခိုင်းတော့ဘူး ... တဲ့။

ညောင်နှစ်ပင်မှာ တေးသံရှင် ကိုထီးရဲ့ အတွေ့အကြုံ တခုကိုလဲ ကြုံတုန်းပြောပြလိုက်ဦးမယ်။ သီချင်းဆိုခွင့်ရတဲ့ညမှာ ကိုထီး သီချင်းဆိုပြီး စင်ပေါ်က ဆင်းလာတော့ S သုံးလုံးကုမ္ပဏီပိုင်ရှင် (ခွန်ဆာ့ လူဟောင်း ဟိုမိန်း နယ်စပ်ဒေသကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်) ဦးမဟာကြာနဲ့ တွေ့တော့ မဟာကြာကဘာပြောလိုက်တယ်မှတ်လဲ– “မင်းချတုန်းဘဲ မဟုတ်လား(လက်လေး ချောင်းထောင်ပြ) ချချင်ရင် ကိုယ့်မှာရှိတယ်”–တဲ့။ ညောင်နှစ်ပင်ပုတ်သင်ညိုတွေအတွက် **ရှယ်** အဆင့် အခွင့်ထူးခံတွေ ဘဲလေ။

**ရန်ကုန်မှ – တက်သစ်စ ဖိုးဆိုချင်**

## နအဖဖွဲ့စည်းပုံ ပင်လုံနဲ့ပြောင်းပြန်

**ဦးဟန်ယောင်ဟွေ့၊ ဥရောပ – မြန်မာရုံး EBO ဒါရိုက်တာ**

ပြည်ထောင်စုနေ့ဖြစ်လာတာက ပင်လုံစာချုပ်ကနေ စတင်ဖြစ်လာတယ်၊ အဲဒီပင်လုံစာချုပ် မှာတုန်းကတော့ တန်းတူမှု ဒီမိုကရေစီအခြေခံပြီး တိုင်းပြည် အသစ်တည်ဆောက်ဖို့ ကြိုးစားခဲ့ကြတယ်။ အဲဒါကို အကောင် အထည် မဖေါ်နိုင်တော့ ပြဿနာ တွေ ဖြစ်လာတယ်။ ဆိုတော့ တိုင်းရင်းသားတွေ လိုလားချက်နဲ့ တိုင်းပြည်ပြန်ကောင်းဖို့ လုပ်မယ် ဆိုရင်တော့ ပင်လုံစိတ်ဓါတ် ပင်လုံစာချုပ် အတိုင်း ပြန်သွားဖို့ လိုတယ်။ အဲလိုမျိုး ပြန်သွားမယ် ဆိုရင် ကုလသမဂ္ဂဆုံးဖြတ် ထားတဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနဲ့ ဒီပြဿနာ တွေကို ဖြေရှင်းမှရမယ် အလုပ်ဖြစ်မယ်လို့ ကျနော်မြင်တယ်။ အဲလိုမသွားဘူးဆိုရင်တော့ ပြဿနာပြန်ဖြစ်ဦး မယ်လို့ ကျနော်ထင်တယ်။ လမ်းပြမြေပုံ အ တိုင်း ဆက်သွား တဲ့ နေရာမှာ တကယ့် ဒီမိုကရေစီနည်းလမ်းဘဲ လုပ်တယ်၊ တကယ်ပွင့်ပွင့်လင်းလင်း လူထုဆန္ဒခံယူပွဲ လုပ်မယ်ဆိုရင် တမျိုး။




Image: S.H.A.N.

လက်ရှိအနေအထားအရ သူတို့ ဇွတ်လုပ်သွားမယ်ဆိုရင် အလုပ်ဖြစ်မှာ မဟုတ်ဘူး။ လူထုဆန္ဒ အတိုင်း ဒီမိုကရေစီတကယ်လုပ်မယ်ဆိုရင်ကျနော်တို့အားပေးမှာဘဲ၊ အခုဟာကသိတဲ့အတိုင်းဘဲ အခြေခံ ဥပဒေ ရေးဆွဲမယ် ဒီမိုကရေစီဖြစ်အောင် လုပ်မယ် ဆိုပြီးတော့ လူတိုင်းဘာအခွင့်အရေး မှမရှိဘူး။ သူတို့ရေးထားတဲ့ ဟာနဲ့ ဆက်သွားမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူး။ နအဖ ချည်းအာဏာကိုင်ထားတော့ သူကြိုက်သလို ဆက်လုပ်သွားနိုင်တယ်။ ဒါပေမဲ့ လူထုကတကယ် လက်မခံဘူး ဆိုရင်တော့ ဒီပြဿနာက ပြန်ပေါ်မှာဘဲ။

***RFA 11/2/08***

# နှစ်ရှည်ထောင်ကျသျှမ်းခေါင်းဆောင်များအတွက် ၁၀ နိုင်ငံ၌ ဆုတောင်းပွဲ တပြိုင်နက်ကျင်းပ

နအဖစစ်အစိုးရ၏ ဖမ်းဆီး နှစ်ရှည်ထောင်ဒဏ်ချခံရသည့် သျှမ်းပြည်ခေါင်းဆောင်များ ကျန်းမာရေးဆိုးရွားနေမှု အမြန်ဆုံး ပျောက်ကင်းသက်သာစေရန်၊ထောင်ဒဏ်မှအမြန်ဆုံး လွတ်မြောက်စေရန် ရည်စူး၍ ပြည်ပ ၉ နိုင်ငံရောက် သျှမ်းများနည်းတူ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ သျှမ်းဘုန်းကြီးကျောင်းတစ်ကျောင်း၌လည်း ဆုတောင်းပွဲတစ်ရပ် ကျင်းပခဲ့ပါသည်။

ထိုင်းရောက်မျိုးချစ်သျှမ်းလူငယ်တစ်စုနှင့် သျှမ်းအမျိုးသမီးရေးရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ကမကထပြုကာ ၂၀၀၈ ဖေဖေါ်ဝါရီလ ၁၀ ရက် သျှမ်းခေါင်းဆောင်များထောင်ဒဏ် ၃ နှစ်ပြည့်သည့်နေ့က ကျင်းပခြင်းဖြစ်သည်။


ထိုင်းနိုင်ငံ ချင်းမိုင်
Image: S.H.A.N.

ညနေ ၆း၃၀ နာရီ ၌စတင်သည့် ဆုတောင်းပွဲတွင် ပွဲဖြစ်မြောက်ရေးကော်မတီ နန်းချမ်တောင်းက ဆုတောင်းပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို–"၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့ ဖေဖေါ်ဝါရီ ၉ ရက်က နအဖစစ်အစိုးရရဲ့ကြေငြာချက်ဟာ **ပြည်သူလူထုရဲ့ဆန္ဒအစစ်အမှန်ကို လစ်လျူရှုမယ်၊ နိုင်ငံရေးအကျဉ်းသား တွေကိုလွှတ်မပေးဘူး၊ နိုင်ငံရေးပြောင်းလဲမှုမရှိစေဘူး** ဆိုတဲ့ သူတို့ရဲ့ အတင်းအဓမ္မသဘောထား –အထင်အရှား သိမြင်နေပါတယ်။ အပူချိန် –၃ ဒီဂရီ အအေးဓါတ်ပြင်းထန်တဲ့ ပူတာအို အကျဉ်းထောင်က ထောင်ဒဏ် ၉၃ နှစ်ကျခံရသူ သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦးဟာ လွန်ခဲ့တဲ့ ၃ လကစပြီး ရှိရင်းစွဲရောဂါအပြင် ဆီးရောဂါအသည်းအသန် ခံစားနေရပါတယ်။ စိတ်ရောဂါခံစားနေရတဲ့သူအပြင် အခြားခေါင်းဆောင်တွေ ကျန်းမာရေးအခြေအနေ အတော်ဆိုးရွားနေတာတောင်မှ ရောဂါအထူးခွဲစိတ်ကုသခွင့် မရခဲ့ပါဘူး။ ဒါကြောင့် စစ်အစိုးရ ပိတ်ပင်ဟန့်တားမှုကြားက ရောဂါဝေဒနာအမြန်ဆုံး ပျောက်ကင်းစေဖို့၊ အကျဉ်းသားဘဝမှ အမြန်ဆုံးလွတ်မြောက်ပြီး စစ်မှန်သော ဒီမိုကရေစီ နိုင်ငံရေးသို့ပြောင်းလာအောင်အတူတကွကြိုးပမ်းတိုက်ပွဲဝင်နိုင်ဖို့ရည်သန်ပြီး အလှူဒါနပြုပွဲ၊ ဆုတောင်းပွဲကျင်းပရခြင်း ဖြစ်ပါတယ်"–ဟု ပွဲတက်ရောက်သူ ၁၀၀ ဝန်းကျင်ပရိတ်သတ်အား ရှင်းပြသည်။

ထိုင်းနိုင်ငံရောက်သျှမ်းများအပြင် မလေးသျှား၊ စင်ကာပူ၊ ဂျပန်၊ အမေရိက၊ အင်္ဂလန်၊ ကနေဒါ၊ သြစတေးလျ၊ ဂျာမနီ၊ နော်ဝေး စသော ၁၀ နိုင်ငံတို့၌ရောက်နေကြသည့် သျှမ်းများလည်း သျှမ်းခေါင်းဆောင်များအတွက် ဖေဖေါ်ဝါရီ ၁၀ ရက်မှာပင် သံဃာတော်များအား ဆွမ်းကပ်အလှူအဒါန်းပြု၊ ဆုတောင်းပွဲများ တပြိုင်နက်ကျင်းပခဲ့ကြကြောင်း နန်းချမ်တောင်းက ပြောပြသည်။

၄င်းကဆက်၍ "လူ့အခွင့်အရေး ချိုးဖောက်နေတဲ့ နအဖစစ်အစိုးရအဖွဲ့ရဲ့ ခိုးကြောင်ခိုးဝှက်လုပ်ရပ်အားလုံး ကျမတို့ အကုန်လုံးသိတယ်ဆိုတာ သူတို့ကိုသိစေချင်တယ်" ဟု သူမက ပြောပါသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများလှူဒါန်းကာ "ခွန်ထွန်းဦးအပါအဝင် နှစ်ရှည်ထောင်ကျ သျှမ်းခေါင်းဆောင်များအားလုံးကျန်းမာကြစေရန်၊ ထောင်မှအမြန်ဆုံး ပြန်လည်လွတ်မြောက်လာစေရန်" သံဃာတော်များက ဆုတောင်းမေတ္တာ ပေးဝေကြသည်။

ဆုတောင်းပွဲ ကမကထပြုကျင်းပသည့် သျှမ်းအမျိုးသမီးရေးရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ( SWAN) နှင့် သျှမ်းလူငယ်များအဖွဲ့ (SYP)တို့၏ ထုတ်ပြန်ကြေငြာချက် သျှမ်းဘာသာကို SYP ပြောရေး


မလေးသျှား

ဆိုခွင့် စိုင်းအော်န်တိုင်းက ဖတ်ကြားရာ "**ပြည်သူလူထုငြိမ်းချမ်းရေးနဲ့ တရားမျှတရေးအတွက် ဆက်လက်တိုက်ပွဲ ဝင်သွားမယ်**– ဆိုပြီး

အလျှော့မပေးတဲ့ ကြံ့ကြံ့ခံဇွဲနဲ့ ထောင်ထဲကနေ ဦးခွန်ထွန်းဦး ပြောခဲ့ပါတယ်။ ကျနော်တို့ လူငယ်တွေအတွက် စိတ်ဓါတ်အင်အားတိုးမြှင့်ပေးတဲ့ စကားဖြစ်ပါတယ်'' ဟု ဆိုပါသည်။

၄င်းက ''တရားမျှတမှုဟာစစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုရဲ့ အခြေခံဖြစ်ပါတယ်။ သို့သော် တိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းချုပ် နှစ်ရှည်ထောင်ဒဏ်ပေးပြီး ပြည်သူတွေကိုမျက်ကွယ်ပြုတာဘက်သတ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမူရေးဆွဲသွားတာကိုက နအဖစစ်အစိုးရကိုယ်တိုင် ပြည်ထောင်စုကို ဖြိုခွဲနေတာဖြစ်တယ်'' ဟု ပြောသည်။

အကျယ်ချုပ်ခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ရှည်ထောင်ဒဏ်ချခံ သျှမ်းခေါင်းဆောင်များအပြင် နိုင်ငံရေးအကျဉ်းသားများ အားလုံးအမြန် ဆုံးလွှတ်ပေးရေး နအဖစစ်အစိုးရကိုဖိအားပေးရန်၊ သုံးပွင့်ဆိုင်ဆွေးနွေး ရေးအမြန်ဆုံး ပြုလုပ်ရန် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့များသို့တင်ပြ တောင်းဆိုကြောင်း စိုင်းအော်နိတိုင်းက ကြေငြာချက် နိဂုံးချုပ်ဖတ်ကြား ပြသည်။

အဆိုပါ ထိုင်းဘာသာကြေငြာချက်ကိုပင် သျှမ်းလူငယ်အဖွဲ့ မှယိင်းဇမ်က ဖတ်ကြားပြပြီး ထောင်ကျ သျှမ်းခေါင်းဆောင်များနှင့် ပတ်သက်သည့် ဗွီဒီယိုဆလိုက်များ ပြသခဲ့ပါသည်။

ထို့နောက် ဝပ်ကူတောက် စေတီသုံးပတ်ပတ် ဆုတောင်းပြီး ဖယောင်းတိုင်မီးထွန်းညှိပူဇော်ကာ ည ၈ နာရီခန့်တွင် အခမ်းအနားရုပ်သိမ်းလိုက်သည်။

၂၀၀၅ ဖေဖေါ်ဝါရီလတွင် သျှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းရန် တောင်ကြီး၌ အစည်းအဝေးကျင်းပအပြီး ၈ရက်နှင့် ၉ ရက်တွင် ခွန်ထွန်းဦးအပါအဝင် သျှမ်းပြည်ခေါင်းဆောင်များအား နအဖစစ်အစိုးရကဖမ်းဆီးခဲ့သည်။ SNLD ဥက္ကဋ္ဌခွန်ထွန်းဦးအား ပူတာအိုထောင်သို့ထောင်ဒဏ် ၉၃ နှစ်၊အတွင်းရေးမှူးစိုင်းညွှန့်လွင်အားကလေးထောင်သို့ထောင်ဒဏ် ၈၅ နှစ်၊SSA အပစ်ရပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထဲန်အား ခန္တီးထောင်သို့ထောင်ဒဏ် ၁၀၆နှစ်ပို့ဆောင်ချုပ်နှောင်ထားသည်။ SNLD အလုပ်အမှုဆောင်စိုင်းလှအောင်၊ သျှမ်းပြည်မျိုးဆက်သစ်အဖွဲ့ စိုင်းညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ ဦးထွန်းညိုတို့အား ထောင်ဒဏ် ၇၅ မှ ၇၉ နှစ် အထိချကာ အပူအအေးလွန်ကဲသည့် ဗမာပြည်နယ်စွန်နယ်ဖျားအကျဉ်းထောင်များသို့ ပို့ဆောင်ထားသည်။ အဖမ်းဆီးခံ သျှမ်းခေါင်းဆောင်များအနက် ရခိုင်ပြည်နယ် သံတွဲထောင်တွင် ထောင်ဒဏ် ၇၅ နှစ်ကျခံရသူ ဆရာဦးမြင့်သန်းမှာ ထောင်မကျခင် ကျန်းမာရေးကောင်းမွန်ခဲ့သော်လည်း ၂၀၀၆ မေလက ရောဂါအမျိုး အစားမသိရဘဲ ကွယ်လွန်သွားခဲ့ပါသည်။ ❑

# လိုင်ဇာဌာနချုပ် ကချင်တော်လှန်ရေးနေ့

ကချင်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားကို ဖေဖေါ်ဝါရီလ ၃ ရက်က ကချင်–တရုပ်နယ်စပ်ရှိ လိုင်ဇာဌာနချုပ်၌ စတင်ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဒု–တိုင်းမှူးဗိုလ်မှူးချုပ်စံထွန်း တက်ရောက်ခဲ့သည်။

၃ရက်ကြာ ကျင်းပသည့် ထိုအခမ်းအနား၌ KIA အင်အား ၃၀၀၀ခန့်တက်ရောက်စစ်ရေးပြခဲ့ကြပြီးလိုင်ဇာရုပ်မြင်သံကြားကလည်း



Photo: Kachin News Group

ယခင် KIO ခေါင်းဆောင် ဘရန်ဆိုင်း သက်ရှိ ထင်ရှားစဉ် ကျောင်းသားသမဂ္ဂတွင် ပြောကြားခဲ့သောသမိုင်းဝင် မိန့်ခွန်းကို အထူးအစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့သည်ဟု ဆိုပါသည်။

KIO ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာလဲ့ဂျာက မနော်ပွဲနှင့်အတူ KIO အဖွဲ့အစည်းတည်ထောင်ခြင်း ၄၇ နှစ်ပြည့်အခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း၊ KIO ဥက္ကဋ္ဌ ဦးဇောင်းခရာ၊ ဒု–ဥက္ကဋ္ဌ ဦးဇော်ဆိုင်း၊ ဒေါက်တာတူးဂျာ၊ ဗိုလ်ချုပ်အင်ဘန်လတို့ တက်ရောက်ကြကြောင်း၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့မှ ရှမ်းအကများဖြင့် ပါဝင်ဆင်နွှဲကြကြောင်း၊ အလားတူ ကချင်ပြည် ဂေါ်ရခါးအဖွဲ့မှလည်း ယဉ်ကျေးမှုအကများဖြင့် ဝင်ရောက်ဆင်နွှဲခဲ့ကြကြောင်း ပြောပြသည်။

အခမ်းအနားတက်ရောက်သူ ပရိတ်သတ် ခန့်မှန်းခြေ တစ်သောင်းခန့်ရှိသည်ဟု ဆိုပါသည်။ ခေါင်းဆောင်အသီးသီး မိန့်မှာချက်အတိုင်း တကယ့်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိချိန်/ထူထောင်နိုင်ချိန်အထိ လက်ရှိ ငြိမ်းချမ်းရေးကို ဆက်လက် ထိန်းသိမ်းသွားလိုကြောင်း ဒေါက်တာလဲ့ဂျာ က ပြောပြသည်။

စစ်အာဏာရှင်စံနစ်ကို တိုက်ထုတ်ရန် SYCB ( Students and Youth Congress of Burma) ကလည်း ကချင်တော်လှန်ရေးနေ့၌ ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ကြေငြာချက်တွင်–'' ကချင်အဖွဲ့တွင်လည်း စစ်မှန်သော ငြိမ်းချမ်းရေးမရသေးသလို စစ်အစိုးရ၏ လွဲမှားသော ပေါ်လစီကြောင့် ပြည်တွင်း သဘာဝ သယံဇာတ ပစ္စည်းဆုံးရှုံးမှု ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်လူမှုရေးပြဿနာအမျိုးမျိုးကို ပြည်သူများ နေ့စဉ်ကြုံတွေ့နေရကြောင်း'' အဓိက ဖေါ် ပြထားသည်။

SYCB အဖွဲ့တွင် ကချင်ကျောင်းသားလူငယ်များ ယူနီယံ All Kachin Students and Youth Union ( AKSYU) အပါအဝင် တိုင်းရင်းသား ကျောင်းသားလူငယ်အဖွဲ့ ၁၅ ဖွဲ့ ပါဝင်သည်။

❑ ❑ ❑

# သျှမ်းပြည် တိုင်းရင်းသားများတန်းတူရေးအခြေခံ၍ ညီညွတ်ရေးတည်ဆောက်ရန် တိုင်း (တယီး) ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်း

ဇန်နဝါရီ ၁၉–၂၁ ရက်နေ့က ပြည်တွင်းပြည်ပ သျှမ်းအဖွဲ့အစည်း ကိုယ်စားလှယ်များ စုပေါင်းပြီး သျှမ်းပြည်ညီညွတ်ရေးအတွက်အစည်းဝေးတရပ်ကျင်းပပြီး တယီး(တိုင်း)ပူးပေါင်းဆောင်ရွက်ရေးကော်မတီခေါ် TCC ဖွဲ့စည်းလိုက်သည်။ သျှမ်းပြည် တိုင်းရင်းသားများတန်း တူအခွင့်အရေးအပေါ် အခြေခံ၍ ညီညွတ်ရေးတည်ဆောက်သွားမည်ဟု ဆိုပါသည်။

ထိုအစည်းအဝေးသို့ နယ်စပ်အခြေစိုက် လူမှုအဖွဲ့အစည်း၊ သျှမ်းလူငယ်အဖွဲ့၊လူ့အခွင့်အရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အပြင် နိုင်ငံရေး အဖွဲ့အစည်းများဖြစ်ကြသော သျှမ်းပြည်တပ်မတော်၊ သျှမ်းဒီမိုကရက်တစ်အစည်းအရုံးနှင့် ပြည်တွင်းလူထုအခြေပြုကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ သျှမ်းပြည်တိုင်းရင်းသားများ၏ တန်းတူရေးဖေါ်ဆောင် သွားဖို့ မူဝါဒချမှတ်ခဲ့ကြောင်း သျှမ်းအမျိုးသမီးပူးပေါင်း ဆောင်ရွက် ရေးအဖွဲ့ နန်းဆိုင်နောင့်က–

"သျှမ်းပြည်ထဲမှာ သျှမ်းနဲ့တခြားတိုင်း ရင်းသားတွေအတွက် တန်းတူညီမျှရေးရှိဖို့ရည်ရွယ် တယ်။သျှမ်းပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ဖေါ်ဆောင်တဲ့အနေနဲ့ ညှိနှိုင်းမှုတွေ ဆက်လုပ်သွားမယ်"–ဟု ပြောပြသည်။

နအဖ အမျိုးသားညီလာခံကကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ပလောင်၊ ပအိုဝ်း၊ ဓနု၊ ကိုးကန့်အပြင် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဆိုပြီးပေးထားတဲ့ကိစ္စနဲ့–တန်းတူရေးအခြေခံတွေနဲ့ ဘယ်လိုကွာသလဲ။

"အခုက ပထမ အဆင့်ပဲရှိပါသေးတယ်။ သျှမ်းပြည်သျှမ်းလူမျိုးတွေကြားထဲမှာဘဲ။ နောက်ပိုင်းတခြားအဖွဲ့အစည်းတွေနဲ့ တခြားတိုင်းရင်းသားတွေနဲ့လဲ ညှိနှိုင်းဆောင်ရွက်ဖို့ ဆွေးနွေးဖို့ရှိ တယ်။ အားလုံးရဲ့သဘောထားတွေလဲနားထောင်ရမှာဖြစ်ပါတယ်။ သျှမ်းကအဓိကဘဲပြောရမှာမဟုတ်တော့ဘဲနဲ့သျှမ်းပြည်ထဲမှာရှိတဲ့ လူမျိုးတွေအနေနဲ့ သဘောထားတွေကို အရင်ရယူဖို့ ရည်စူးဖွဲ့စည်းတာဖြစ်တယ်။"

အခုဖွဲ့တဲ့ TCC Tai Coordination Committee တိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ မှာကော တခြားတိုင်းရင်းသားတွေပါသလား။

" Tai ဘဲဆိုတော့ သျှမ်းအဆင့်ဘဲရှိပါသေးတယ်။ တခြားလူမျိုးတွေရဲ့သဘောထားနားလည်မှုတစုံတရာယူတာလဲဖြစ်တယ်။ အဲကနေတဆင့်ရှေ့ဆက်ပြီး သျှမ်းပြည်တွင်းမှာ နေထိုင်တဲ့တခြား တိုင်းရင်းသားအဖွဲ့တွေ၊ တိုင်းရင်းသားတွေနဲ့လဲ ဆက်ပြီးညှိနှိုင်းဆောင်ရွက်သွားဖို့ရှိတယ်။ သျှမ်းပြည်လူမျိုးပေါင်းစုံညီလာခံ ကျင်းပဖို့အတွက် တခြားတိုင်းရင်းသားတွေနဲ့လဲဆွေးနွေးမှုရှိပါပြီ။ အစီအစဉ်ကလဲဘာတွေလုပ်ဖို့ဆိုတာ သဘောတူထားတာ ရှိပြီဆိုတော့ သိပ်မကြာခင်အတွင်း လုပ်နိုင်မယ်လို့မျှော်လင့်ပါတယ်။"

"သျှမ်းပြည်တွင်းမှာ ရှမ်းကလူမျိုးကြီးဖြစ်နေတော့တိုင်းရင်းသားတန်းတူရေးက ရှမ်းမဟုတ်တဲ့ တိုင်းရင်းသားတွေအတွက်အရေးကြီးပါတယ်။ အခုစည်းအဝေးမှာတော့ သျှမ်းအဖွဲ့အစည်းတွေ သျှမ်းကိုယ်စားလှယ်တွေ ဘဲပါဝင်ပါသေးတယ်။ အဲဒီကမှတဆင့် တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ သျှမ်းပြည်အမျိုးသား ညီလာခံတရပ် ကိုဒီနှစ်မကုန်ခင် ကျင်းပသွားမယ်လို့မျှော်လင့်ထားပါတယ်။"

**ရော်နယ်အောင်နိုင်** BBC 24/01/08

## သုံးပွင့်ဆိုင်ဆွေးနွေးရေး အကောင်အထည်ဖေါ်ရန် SNLD တိုက်တွန်း

**"တိုင်းရင်းသားများ တန်းတူညီမျှမှုရရှိရေး ကြိုးပမ်းမှုကြောင့် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်အပါအဝင် သျှမ်းတိုင်းရင်းသားခေါင်းဆောင်များအားလုံးနှင့်တကွ အကျဉ်းကျနိုင်ငံရေး လှုပ်ရှားသူများ၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးပြီး နအဖအကြီးအကဲများ၊ အတိုက်အခံဒီမိုကရေစီအင်အားစုခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာပါဝင်သည့် စစ်မှန်၍ လက်တွေ့ကျသော တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံးအကောင်အထည်ဖေါ်ဆောင်ရွက်သွားရန် အရေးတကြီးလိုအပ်နေပြီ** ဖြစ်ကြောင်း တိုက်တွန်းကြေငြာလိုက်သည်။"

***SNLD-EC Statement မှ ကောက်နုတ်ချက် 9/02/2008***

"SNLD အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် သျှမ်းခေါင်းဆောင်တော်တော်များများဟာ ၂၀၀၅ ခုနှစ်က ဖမ်းဆီးခံရပြီး နှစ်ရှည် ထောင်ဒဏ်အသီးသီး ကျနေရတာဖြစ်ပါတယ်။ SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦးဟာ အမှုပေါင်း ၁၁ မှုစွဲချက်တင်ခံရပြီးထောင်ဒဏ် ၉၃ နှစ် အထွေထွေအတွင်းရေးမှူးစိုင်းညွန့်လွင်ကအမှု ၅ မှု နဲ့ထောင်ဒဏ် ၈၅ နှစ် အပြစ်ကျခံနေရပြီး သျှမ်းခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုလ်ချုပ်ဆေထဲန်ကတော့ အမှုပေါင်း ၁၂ မှုနဲ့ ထောင်ဒဏ် ၁၀၆ နှစ်ကျခံနေရတာ ဖြစ်ပါတယ်။"

***RFA 10/02/2008***

# လူထုဆန္ဒ ဓါးပြတိုက်ပွဲ နအဖ

နအဖ စစ်အစိုးရဟာ ဒီနှစ် မေလအတွင်းမှာ လူထုဆန္ဒခံယူပွဲကျင်းပပြီး ၂၀၁၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲ ကျင်းပမယ်လို့ 9/2/08 က ကြေငြာခဲ့ပါတယ်။ KNCD လို့ခေါ်တဲ့ ကချင်ပြည် အမျိုးသားဒီမိုကရေစီကွန်ဂရက်ရဲ့ခေါင်းဆောင်တဦးကတော့ ဒါဟာပြည်သူတွေအတွက် မဟာအခွင့်အရေးဖြစ်တယ်လို့ပြောပါတယ်။

"ဒီတခေါက်ကတော့ ကျနော်တို့ပြည်သူလူထုအတွက် တကယ့် မဟာအခွင့်အရေးဗျ။ မဟာအခွင့်အရေးဆိုတာ မကြိုက်တာကို မကြိုက်ဘူးလို့ ပြောမဲ့အခွင့်အရေးပါ။ အဲတော့ ကျနော်တို့ KNCD ကလည်း ဘလက်ကဲမ်ပိန်း Black Campaign နဲ့ နိုးကဲမ်ပိန်း No Campaign လုပ်နေပါတယ်။ ကျနော်တို့ပြည်သူလူထုက သူတို့ကို မကြိုက်ပါဘူး။ ဒီဖွဲ့စည်းပုံအခြေခံဥပဒကို မကြိုက်ပါဘူးဆိုတာ တကယ်ပြသဖို့ အခွင့်အရေးပါပဲ"

KNCDခေါ် ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီ ကွန်ဂရက်ဟာ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတုံးက ကချင်ပြည်နယ်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ရွေးကောက်ခံခဲ့ရတဲ့ ပါတီဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် UNLD ရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ကိုထန်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့ဆိုရင် နည်းလမ်းနှစ်ရပ်ရှိတယ်။ တခုက ပြည်သူ့လွှတ်တော်က အတည်ပြုတာနဲ့ တခုကလူထုဆန္ဒခံယူပွဲကျင်းပတာ ဖြစ်တယ်လို့ ပြောပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရှိလျက်နဲ့သူတို့ရဲ့ဆန္ဒတွေကိုပစ်ပယ်ထားတာဟာ တရားနည်းလမ်း မကျဘူး။ ဒါကြောင့် မြန်မာစစ်အစိုးရက ကျင်းပမဲ့ ဆန္ဒခံယူပွဲကို လက်မခံဘူးလို့ အခုလိုပြောပါတယ်။

**ဒီတခေါက်ကတော့ ကျနော်တို့ ပြည်သူလူထုအတွက် တကယ့် မဟာအခွင့်အရေးဗျ။ မဟာအခွင့်အရေးဆိုတာ မကြိုက်တာကို မကြိုက်ဘူးလို့ ပြောမဲ့အခွင့်အရေးပါ**

"လူထုဆန္ဒ ခံယူပွဲဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်မှာ တတိုင်းပြည်လုံး နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ ပြီးတော့ပြည်သူလူထုကရော ညီညီညွတ်ညွတ်နဲ့ အားလုံးသဘောကျ ပြီးလက်ခံသလားဆိုတဲ့ဟာကို ကျနော်တို့စဉ်းစားဖို့လိုတယ်။ ဒါမှမဟုတ်ရင် ဒီလူထုဆန္ဒခံယူပွဲဟာ လူထုဆန္ဒခံယူပွဲမဟုတ်ဘဲနဲ့ လူထုဆန္ဒကို ဓါးပြတိုက်တဲ့ပွဲပဲဖြစ်မယ်လို့ ကျနော်ယူဆပါတယ်။ ဒါကြောင့် တိုင်းပြည်အတွင်းမှာဖြစ်ပေါ်လာတဲ့တရားနည်းလမ်းမကျတဲ့ လုပ်ဆောင်ချက်ဟူသမျှကို ကျနော်တို့ကတော့ လက်ခံမှာမဟုတ်ဘူး။ ဆန့်ကျင်သွားရမှာပဲ။"



Image: S.H.A.N.

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အတွင်းရေးမှူး ဦးအေးသာအောင်ကတော့ မြန်မာပြည်မှာ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲနေတာကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ကျဆင်းနေတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ဖို့ဆိုရင် တွေ့ဆုံဆွေးနွေးရမယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာတာမဟုတ်ရင် တိုင်းပြည်ရဲ့ အနာဂါတ်ဟာ အကောင်းဘက် ဦးတည်နိုင်မှာမဟုတ်ဘူးလို့ သုံးသပ်ပါတယ်။

မြန်မာပြည်ဟာလွတ်လပ်ရေးရပြီးနောက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ၂ ခုရေးဆွဲခဲ့ပါတယ်။ ၁၉၄၇ အခြေခံဥပဒနဲ့ ၁၉၇၄ အခြေခံဥပဒဟာ တန်းတူညီမျှမှုနဲ့ ဒီမိုကရေစီရေးကို မဖော်ဆောင်နိုင်တာကြောင့် ၁၄ နှစ်စီသာ သက်တမ်းရှည်ကြာခဲ့ပါတယ်။ အခု အသစ်ပြဋ္ဌာန်းမဲ့ အခြေခံဥပဒေက အနာဂတ်မြန်မာပြည်နိုင်ငံရေးမှာ စစ်တပ်က ဦးဆောင်သွားဖို့ ပြည်သူ့လွှတ်တော်မှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းထည့်သွင်းဖို့ အခြေခံမူချမှတ်ထားပါတယ်။ ဒီအချက်တွေဟာ ဒီမိုကရေစီနည်းမကျဘူးလို့သုံးသပ်ပြီး တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဒီမိုကရေစီအင်အားစုတွေက ဆန့်ကျင်ကန့်ကွက်နေကြတာဖြစ်ပါတယ်။

**ဦးမိုးဇော်**

VOA 11/02/08

**ခွဲထွက်ပိုင်ခွင့်သည်**
**တိုင်းပြည်ကိုပြိုကွဲစေသည်ဟူသော အချက်မှာ**
**တစ်ဝက်မှန်မျှသာဖြစ်သည်။**
**နောက်ခံနိုင်ငံရေးသမိုင်းစဉ်အရ ဆိုပါမူ**
**ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သည်**
**ဟုဖြည့်စွက်၍ အပြည့်အဝ အမှန်တရားကို**
**သိကြရန်လိုပါသည်။**

ဦးရွှေအုံး "မပြိုကွဲနိုင်သော ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့"

# ခုချိန်ထိ ပြည်ထောင်စုမရှိ စစ်တပ်အုပ်ချုပ်တဲ့ တိုင်းပြည်သာရှိ

တိုင်းရင်းသားတွေရဲ့အခွင့်အရေး ပျောက်ဆုံးနေတဲ့အတွက် စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက်နိုင်အောင် ခွန်ထွန်းဦး အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေကို အမြန်လွှတ်ဖို့ CRPP (ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ) က ၆၁ နှစ်မြောက် ပြည်ထောင်စုနေ့အကြိုမှာ နအဖစစ်အစိုးရကို တိုက်တွန်းလိုက်ပါတယ်။

"ပြည်ထောင်စုနေ့ရောက်လာပြန်ပြီ ၊ပြည်ထောင်စုနေ့ ဆိုပေမဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရယ်လို့အခုချိန်မှာမရှိဘူး။ တပ်မတော်က အုပ်ချုပ်နေတဲ့ နိုင်ငံတနိုင်ငံပဲဖြစ်တယ် " ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက ပြည်ထောင်စုတခုဖွဲ့စည်းဖို့ပင်လုံသဘောတူစာချုပ် ချုပ်ဆိုခဲ့ပေမယ့် အခုထိတန်းတူအခွင့်အရေး မရှိသေးဘူးလို့လဲပြောပါတယ်။

"ပြည်ထောင်စုစနစ်နဲ့ ပူးပေါင်းဆောင်ရွက်မယ်၊ တန်းတူရည်တူအခွင့်အရေးတွေရှိရမယ်လို့ ပါခဲ့တယ်။ အခု ၆၁ နှစ်ပြည့်တဲ့ ကာလမှာ တိုင်းရင်းသားတွေရဲ့တန်းတူအခွင့်အရေး မရှိဘူး။ နအဖခေါင်းဆောင်တွေအနေနဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပြောနေရုံမဟုတ်ဘဲ လက်တွေ့ဖော်ဆောင်ဖို့လည်း တိုက်တွန်းပါတယ်"

"အပြောသက်သက်ပြောနေရုံနဲ့မရဘဲနဲ့ တိုင်းရင်းသားတွေရဲ့ မွေးရာပါအခွင့်အရေးကို အသိအမှတ်ပြုပြီး စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတယ်။ ဦးခွန်ထွန်းဦးတို့ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေ တခါမှမကြားဖူး၊ မကြုံ ဖူးတဲ့ဥပဒေတွေတပ်ပြီး နှစ်ရှည်လများ ထောင်ဒဏ်ချထားတာဟာ တကယ်တော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေတယ်။ ဒီလိုအဖြစ်မျိုးတွေ နောင်မဖြစ်ဖို့လဲတင်ပြလိုတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ခွန်ထွန်းဦးအပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေကို အမြန်ဆုံးလွှတ်ပေးဖို့လိုတယ်လို့ပြောပါတယ်။ ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုးအများအပြား ပေါင်းစပ်နေထိုင်တဲ့ နိုင်ငံဖြစ်တာကြောင့် လူမျိုးတမျိုးတည်းက အချုပ်အခြာအာဏာနဲ့ စီးပွားရေးအခွင့်အရေးတွေ ယူထားတာမျိုး မဖြစ်သင့်ဘူးလို့လဲ ထောက်ပြတိုက်တွန်းပါတယ်။"

"တခြားလူမျိုးတွေကိုလည်းပဲ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူ့အခွင့်အရေးအရ၊ ဒီမိုကရေစီအခွင့်အရေးအရ တန်းတူညီမျှတဲ့ ပြည်ထောင်စုတခုတည်ဆောက်နိုင်အောင် ဗမာမဟုတ်တဲ့တခြား တိုင်းရင်းသားတွေတောင်းဆို တိုက်ပွဲဝင်နေကြသလို၊ တကယ့်ကို ဒီမိုကရေစီအခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြတဲ့တိုင်းရင်းသားတွေရော၊ တပ်မတော်ဘက်က ခေါင်းဆောင်တွေရော(အားလုံးအနေနဲ့) တိုင်းရင်းသားတွေရဲ့အခွင့်အရေးကိုတရားမျှတတဲ့၊ ညီမျှတဲ့၊ တန်းတူတဲ့၊ လောကပါလတရားနဲ့အညီ တကယ့်ပြည်ထောင်စုတရပ် တည်ဆောက်ကြဖို့ ကျနော် တိုက်တွန်းလိုပါတယ်။"

**DVB မောင်တူး (11/02/08)**

# စစ်ကျွန်အောက်က လွတ်မြောက်ဖို့ ---

တတိုင်းပြည်လုံးကကျွန်ဖြစ်နေတယ်။ ကျနော်တို့ကရင်တမျိုးသားလုံးလဲ စစ်ကျွန်ဖြစ်နေတယ်။ စစ်အာဏာရှင်ရဲ့ ကျွန်လက်အောက်ကနေလွတ်မြောက်ဖို့အတွက် ကျနော်တို့ကြိုးစားတဲ့နေရာမှာ ကရင်တမျိုးသားလုံးရဲ့တာဝန်ဖြစ်တယ်။ တမျိုးသားလုံးပါဝင်ဖို့သူ့နေရာနဲ့သူ ပါဝင်ဖို့တောင်းဆိုတယ်။ တော်လှန်ရေးတရပ် ဆင်နွှဲတဲ့နေရာမှာ နံပါတ် ၁ အညွှံခံခြင်းကို ကျနော်တို့ပြတ်ပြတ်သားသား ဆန့်ကျင်သွားရမယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲတဲ့ လုပ်ရပ်မှန်သမျှ ပြတ်ပြတ်သားသား ဆန့်ကျင်သွားရမယ်။

KNLAတပ်သားက "*တပ်မဟာ ၁-၂-၃နဲ့ တပ်မဟာ ၆ မှာ သူတို့ ထိုးစစ်ဆင်နေတယ်။ ကျနော်တို့အနေနဲ့ခုခံစစ်နဲ့ဘဲ။ သူတို့က ပြုတ်အောင်တိုက်မယ်လို့ ဘယ်လောက်ဘဲကျိုးဝါး ကျနော်တို့ ကရင့်တော်လှန်ရေးက ဘယ်တော့မှ ရှုံးမှာမဟုတ်ဘူး။ အောင်မြင်တဲ့ အထိ ကျနော်တို့ဆက်တိုက်သွားမှာဘဲ။*"

၂၀၀၇ ခုနှစ်အတွင်း တိုက်ပွဲပေါင်း ၁၀၀၀ ခန့်ဖြစ်ပွားပြီး နအဖစစ်သား ၆၀၀ ကျော်သေဆုံးပြီးတပ်သား၂၀ ခန့်ဒဏ်ရာရတယ်လို့ဆိုပါတယ်။

**ဗဒိုမန်းရှာ KNU အထွေထွေအတွင်းရေးမှူး**



Image: dvb.no

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ၁/၂၀၀၈ ထုတ်ပြန်ကြေငြာချက်

၁၉၄၇ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် ပြည်မခေါင်းဆောင်များနှင့် ရှမ်းစော်ဘွားများအမှူးပြုသည့် တောင်တန်းဒေသတိုင်းရင်းသားခေါင်းဆောင်များသည် လွတ်လပ်ရေးအတူရယူရေး၊ ဗမာအပါအဝင် တိုင်းရင်းသားများအချင်းချင်းတန်းတူညီမျှမှုရှိရေးစသည့် နိုင်ငံရေးအခြေခံကောင်းများကို ဖန်တီးတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ၁၉၄၈ တွင်ကျွန်ုပ်တို့ပြည်ထောင်စုကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့သည်။

ရရှိပြီးသောလွတ်လပ်ရေး မဆုံးရှုံးရစေရန်နှင့် တည်ဆောက်ပြီးသော ပြည်ထောင်စုစိတ်ဓါတ် မပြိုပျက်ရလေအောင် ဝိုင်းဝန်းထိန်းသိမ်းရင်း မိမိတို့၏ရပိုင်ခွင့်များအတွက် ပြည်ထောင်စုဖြိုခွဲလိုသူများ၊ နိုင်ငံတော်ပုန်ကန်လိုသူများအဖြစ် လွဲမှားစွာစစ်ဆေးအပြစ်ပေးခံခဲ့ရသည်မှာလည်း မနည်းလှတော့ပါ။

ထိုအထဲတွင် ၂၀၀၅ ဖေဖော်ဝါရီ ၉ ရက်၌ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ခွန်ထွန်းဦး၊ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်အပါအဝင်ရှမ်းပြည်ခေါင်းဆောင် ၉ ဦး တို့သည်လည်း အကျုံးဝင်ပါသည်။ ပစ္စုပ္ပန်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အရပ်ရပ်ကို ပကတိအတိုင်း လေ့လာသုံးသပ်မည်ဆိုလျှင် အဖက်ဖက်တွင်ယိုယွင်းချိနဲ့နေပြီး ဒေသတွင်းနိုင်ငံများနှင့် မနှိုင်းသာအောင် တိုးတက်မှုနှောင့်နှေးနေသည်ကို ဝန်ခံရပေလိမ့်မည်။ ဤသို့သောအခြေအနေဆိုးမျိုးကို မည်သည့်နိုင်ငံရေးခေါင်းဆောင်၊ နိုင်ငံသားတဦး/တယောက်ကမျှ ရှုဆိမ့်နိုင်လိမ့်မည် မဟုတ်ပါ။

ဒီမိုကရေစီသို့ဦးတည်သော နိုင်ငံရေးအခြေအနေ ကောင်းများ၊ လွတ်လပ်ပွင့်လင်းသည့် စီးပွားရေးအခြေအနေကောင်းများ၊ တန်းတူညီမျှမှုအခြေခံသည့်လူမှုရေးအခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးရန်မှာ နိုင်ငံခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များအားလုံး၏ သမိုင်းပေးတာဝန်သာဖြစ်သည်။

သို့ဖြစ်၍ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားများတန်းတူညီမျှမှုရရှိရေးကြိုးပမ်းမှုကြောင့် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ ခွန်ထွန်းဦး၊ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင် အပါအဝင် ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များအားလုံးနှင့်တကွ အကျဉ်းကျ နိုင်ငံရေးလှုပ်ရှားသူများအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးပြီး စစ်မှန်၍လက်တွေ့ကျသော သုံးဦးဖလှယ်တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း တိုက်တွန်းကြေညာလိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ SNLD

၂၀၀၈ ဖေဖော်ဝါရီလ ၉ ရက်

# နအဖ ဥပဒေသစ် တပြည်ထောင်စနစ်ပြန်သွား

ကျနော်တို့လေ့လာမိသမျှ နအဖတို့ရေးဆွဲတဲ့ဟာက ပြည်နယ် တွေမှာ ဘာမှ လုပ်ပိုင်ခွင့်မရှိဘူး။ ပြည်နယ်တွေရဲ့ဝန်ကြီးချုပ်ကို သမ္မတကနေ ရွေးတယ်။ အဲဒီပုံအရဆိုရင် ပြည်နယ်ဆိုတာ နာမည်အရာဘဲရှိတယ်။တပြည်ထောင်စနစ်ကိုဘဲ ပြန်သွားပြီး ဗဟိုကချုပ်ကိုင်မယ်။ အဲလို ဆိုရင်ကျနော်တို့နိုင်ငံမှာတိုင်းရင်းသားတွေ ရဲ့ ခံစားချက်ကို



Image: NMSP

ဘယ်လိုမှ ပြေလည်အောင်ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး။ အဲတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နေတဲ့ကာလမျိုးမှာ ဒီပုံစံနဲ့သွားလို့တော့ မရဘူး။ မပြေလည်နိုင်ဘူးလို့ ကျနော်မြင်တယ်။ ပြည်တွင်းစစ် ဆက်ပြီးတော့ ရှည်ကြာသွားနိုင်တယ်။ ကျနော်တို့နိုင်ငံရဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုနဲ့ နိုင်ငံရဲ့မွဲပြာကျမှုက ဒီအတိုင်းဘဲ ဆက်ရှိနေဦးမယ်လို့ကျနော်မြင်ပါတယ်။ သူတို့ချမှတ်ထားတဲ့ ROAD MAP အတိုင်းသူတို့ဆက်သွားနေတယ်။ ပြည်သူနဲ့အဖွဲ့ပေါင်းစုံက လက်မခံဘူးဆိုတာ သူတို့က မလေ့လာဘူး။ မလေ့လာဘဲနဲ့ ကိုယ့်လမ်းကိုဘဲလျှောက်နေမယ်ဆိုရင်တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့နိုင်ငံမှာဘယ်လိုမှ ပြဿနာဖြေရှင်းနိုင်မှာမဟုတ်ဘူး။ နောက်ပြီး ဗမာလူထု အတွင်း ထဲမှာ ကိုကလဲဘဲ လက်ခံနိုင်တဲ့ အနေအထားမရှိဘူး၊ ဘာလို့လဲဆိုတော့ ဒါက ဒီမိုကရေစီနည်းလမ်းမှမကျတာ။ ကိုယ်ကြိုက်သလိုဘဲဆက်သွားနေရင် ဒီအခြေအနေကဘယ်လိုမှ ပြောင်းလဲမှာမဟုတ်ဘူးလို့ ကျနော်ပြောချင်တယ်။

နိုင်ဟံသာ *မွန်ပြည်သစ်ပါတီ–အထွေထွေအတွင်းရေးမှူး*

# SSA တပ်သားအား လိုက်ပစ်သည့် ရပခ တိုင်းမှူး လုံခြုံရေးတပ် ၇ ယောက်သေဆုံး

ဂျန္နဝါရီ ၂၁ ရက်ကလည်း သျှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ် မိုင်းနန်းဒေသတဝိုက် ကျောက်မီးသွေးရှာဖွေရေး ကွင်းဆင်းစစ်ဆေးသည့် တောင်ကြီးအခြေစိုက်ရပခတိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၏ လုံခြုံရေးတပ်ဖွဲ့အင်အား ၄၀ ခန့်ရှိ ခမရ ၅၁၇သည် မိုင်းနန်းအုပ်စု မူနော့ဝ်ရွာအတွင်း သတင်းထောက်ရန်ဝင်လာသော *(လက်နက်မပါ စကားပြောစက်တစ်လုံးသာပါသည့်)* SSAတပ်သားနှစ်ဦးအား လိုက်လံပစ်ခတ်ရာ SSA တပ်သားတစ်ယောက် ပွဲချင်းပြီးကျဆုံး သည်ဟုဆို၏။

*"တစ်ယောက်သေတယ်။ ကျန်တစ်ယောက်က မူနော့ဝ်ရွာမြောက်ဘက် ၁ မိုင်ကျော်လောက်မှာ စောင့်နေတဲ့ အင်အား ၂၀–၃၀ လောက်ရှိ SSA အဖွဲ့ဆီ ကိုယ်လွတ်ပြေးတယ်။ အဲဒီအဖွဲ့တွေက ဗမာစစ်သားတွေကို နံနက် ၆ နာရီခွဲကနေ ၁၁ နာရီ အထိ ဝိုင်းပစ်ခတ်ကြတာ နအဖဘက်က တိုက်ပွဲမှာ ၅ ယောက်သေတယ်။ ဆေးရုံမှာ ၂ ယောက် သွားသေတယ်"* ဟုမိုင်းနောင်ဒေသခံ တစ်ဦးကပြောပြသည်။

ကျောက်မီးသွေး ထွက်နိုင်သည့်ဒေသအားကွင်းဆင်းစစ်ဆေးကြည့်ရှုသည့် ရပခတိုင်းမှူးအတွက် ဒေသအတွင်း လုံခြုံရေးယူပေးသောခမရ ၅၁၇ သည်၂၀၀၆ ဂျွန်လကနအဖစစ်အစိုးရထံလက်နက်ချအလင်းဝင်သွားသော SSA ခွဲထွက် ဗိုလ်မှူးကြီး မိုင်းစင့် အဖွဲ့မှ လမ်းပြ ၇–၈ ယောက်ခေါ် သွားသည်ဟုဆို၏။ ❑

# SSA နှင့် နအဖ စစ်တပ် လမ်း၌ထိပ်တိုက် တိုက်ပွဲဖြစ်ပွား

နအဖစစ်တပ်လှုပ်ရှားမှုကို သတင်းထောက်လှမ်းရန် ရွာတွင်းသို့ဝင် လာသော SSA ပျောက်ကျားအဖွဲ့နှင့် နအဖစစ်တပ် ခလရ ၂၄၆ အဖွဲ့တစ်ဖွဲ့ထိပ်တိုက်ရင်ဆိုင်ကာ ၅ မိနစ်ခန့်တိုက်ပွဲ ဖြစ်ပွါးခဲ့ပြီး နအဖတပ်သားတစ်ယောက် သေဆုံးကြောင်း SSA သတင်းရပ်ကွက်က ဆိုပါသည်။

ဂျန္နဝါရီလ၂၉ ရက် နံနက် ၉ နာရီက သျှမ်းပြည်တပ်မတော် ဒု–ဗိုလ် စိုင်းကီဦးစီးသော တပ်ရင်း ၂၄၂ မှအင်အား ၆ ယောက်သည် နအဖစစ်တပ်များ သွားလာလှုပ်ရှားမှု အခြေအနေကို စုံစမ်းထောက်လှမ်းရန်အသွား သျှမ်းပြည်တောင်ပိုင်း ဟိုမိန်းမြို့နယ် နောင်အော့ရွာအနောက်ဘက် ၂ ကီလိုခန့်အကွာ၊ ထိုင်းနယ်စပ် ပိန်းလုံမြို့ အသွားလမ်း၌ နအဖစစ်တပ် ခလရ ၂၄၆ မှ အင်အား ၁၀ ယောက်ရှိ အဖွဲ့တစ်ဖွဲ့ နှင့် ပက်ပင်းတိုးမိရာမှ တိုက်ပွဲငယ်တစ်ခု ဖြစ်ပွါးခဲ့သည်ဟုဆို၏။

SSA တပ်သား ၆ ယောက်က *"တိုက်ပွဲက ၅ မိနစ်လောက်ကြာတယ်။ နှစ်ဦးနှစ်ဘက် ရှောင်တိမ်းကြလို့တိုက်ပွဲငြိမ်သွားတယ်။ SSA ဘက်ကအသေအပျောက်မရှိဘူး။ နအဖဘက်က စစ်သား တစ်ယောက် လမ်းမှာသေနေတာ တွေ့ရတယ်"* ဟု ပြောပြ၏။

ပစ်ခတ်သံ ငြိမ်သွားပြီး တစ်နာရီခန့်အကြာအထိ တိုက်ပွဲဖြစ်ပွါးခဲ့သည့်နေရာ၌ နအဖဘက်က လက်နက်ကြီးများ ဆက်လက်ပစ်ချနေဆဲဖြစ်ကြောင်း၊ ၄င်းတို့၏ ကျဆုံးရဲဘော်အလောင်းပြန်ကောက်ရန် လမ်းရှင်းခြင်းဖြစ်နိုင်ကြောင်း SSA တပ်သား ၆ ယောက်အနက် တစ်ယောက်က ပြောပြသည်ဟု ဆိုပါသည်။ ❑



# နအဖ ၏ လူထုဆန္ဒခံယူပွဲအပေါ် ချင်းအဖွဲ့ချုပ် ပြတ်သားစွာဝေဖန်

မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ချင်းအမျိုးသား ဒီမိုကရေစီအပဖွဲ့ချုပ် CNLD ဥက္ကဌ ဦးရိုန်ဖေလိန်းက နအဖ၏ ဖေဖော်ဝါရီ ၉ ရက်က ထုတ်ပြန်သည့် မေလအတွင်း အခြေခံဥပဒေမူကြမ်း ဆန္ဒခံယူပွဲလုပ်မည်ဆိုသော ကြေငြာချက်နှင့်ပတ်သက်၍–

" စစ်အာဏာပိုင်များသည် တိုင်းရင်းသားများ၏ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့်နိုင်ငံရေးတန်းတူညီမျှရေး အသိအမှတ်ပြုသည့် စစ်မှန်သော ပြည်ထောင်စုစနစ်ကို အကောင် အထည်မဖော်ရုံမျှမက ပြည်ထောင်စု၏ အနှစ်သာရဖြစ်သော ပင်လုံမူ၊ ပင်လုံစိတ်ဓါတ်နှင့် လုံးဝကင်းကွာလျက်ရှိနေပါသည်" ဟုပြောဆို သည်။

> "သူတို့ကြိုက်တဲ့လူတွေရွေးပြီး လူထုကိုယ်စားလှယ်လိုလိုလုပ်တာဘဲ"

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ တိုင်းရင်းသားများ အတူတကွ ပူးပေါင်းနေထိုင်ရန် ကိုယ်ပိုင်အုပ်ချုပ် ခွင့် ပြဌာန်းခွင့်နှင့် ဒီမိုကရေစီအရေး အာမခံချက်ပေးသော စာချုပ်တရပ် ကို ချုပ်ဆိုခဲ့ကြသည့်နေ့ကို ပြည်ထောင်စုနေ့ သတ်မှတ်ခဲ့ကြသည်။

"အခု သူတို့ဇွတ်လုပ်နေတဲ့ ဥစ္စာ။ မဆလခေတ်ကလည်း ကျနော်တို့ ကြုံခဲ့တာဘဲ။ စစ်ကောင်စီဘဲ လုပ်တာ။ သူတို့ဟာနဲ့ သူတို့ လုပ် ချင်တဲ့ဟာ လူထုဆန္ဒကို မမေးဘူး။ CNLD မင်းတပ်မြို့နယ် ကိုယ်စားလှယ်အနေနဲ့ အရင်ကတည်းက တင်ပြခဲ့တာရှိတယ်။ အဲဒီတွေကို လျစ်လျူရှုတယ်။ အမျိုးသားညီလာခံလုပ်တဲ့အချိန်မှာ လိပ်စာတွေဘာတွေ တောင်ရွေးကောက်ပွဲ ကော်မရှင်ရုံးကို ကျနော်ကိုယ်တိုင်သွားပေးတာ။နောက်တော့ပါတီကိုလည်းဖျက်၊လူထုကိုယ်စားလှယ်ကိုဖျက်၊ သူတို့ကြိုက်တဲ့လူတွေရွေးပြီးလူထုကိုယ်စားလှယ်လိုလိုလုပ်တာဘဲ"ဟု ရန်ကုန်ရောက် အသက် ၇၁ နှစ်အရွယ် ဦးရိုန်ဖေလိန်းက ပြောပြသည်။

ထို့အပြင် သန့်ရှင်း မှန်ကန်သော ဆန္ဒခံယူပွဲ၊ ရွေးကောက်ပွဲ များဖြစ်မည် မဟုတ်ကြောင်းနှင့် ရွေးကောက်ပွဲတွင် အတိုက်အခံနိုင်ငံရေးပါတီက အနိုင်ရလျှင်လည်း အာဏာလွှဲပြောင်းမည်ဟု "လုံးဝ(လုံးဝ)" မယုံကြည်၊ စစ်တပ်အာဏာထိန်းချုပ်ရေးကို သာ၄င်းတို့တစိုက်မတ်မတ် လုပ်ဆောင်နေသည်ဟု ပြောသည်။

CNLD ဦးရိုန်ဖေလိန်း ကိုယ်ရေးအကျဉ်းမှာ ၁၉၉၀ ရွေးကောက်ပွဲတွင်မင်းတပ်မြို့နယ်မှဝင်အရွေးခံရာရွေးချယ်တင်မြှောက်ခြင်းခံရသည်။

မဆလ ပါတီဝေဖန်မှုဖြင့် ၁၉၇၂အောက်တိုဘာ ၃၀ တွင်အဖမ်းခံရပြီး ၁၉၇၄ စက်တင်ဘာ ၁ ရက်နေ့မှ ပြန်လွှတ်ခဲ့သည်။ ❑

# NCGUB ၏ ၆၁ နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့ သဝဏ်လွှာ

"ယနေ့ တိုင်းရင်းသားလူမျိုးအသီးသီး တွေ့ကြုံ ရင်ဆိုင်နေရသော လူမှုဒုက္ခအဝဝနှင့် နိုင်ငံရေးပြဿနာအရပ်ရပ်မှာ နအဖစစ်အာဏာရှင်အုပ်စု၏ စစ်အင်အားသုံးဖိုလ်ကျစိုးမိုးမှုကြောင့်ဖြစ်သည်။ စစ်အုပ်စုသည် တိုင်းရင်းသားလူမျိုးများအား အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရန် အစဉ်တစိုက်ငြင်းဆန်နေပေသည်။ နှုတ်မှ ငြိမ်းချမ်းရေးဟု အသံကောင်းဟစ်နေသော်လည်း လက်တွေ့တွင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာရမည့်အစား၊ စစ်အင်အားသုံးအကြမ်းဖက် တိုက်ခိုက် သတ်ဖြတ် ဖိနှိပ်နေမှုများကြောင့် အမျိုးသားတော်လှန်ရေးများ ပေါ်ပေါက် ခဲ့ရခြင်း ဖြစ်သည်။ ရှမ်းအမျိုးသားတို့လည်း အခြားတိုင်းရင်းသားများ နှင့်လက်တွဲ၍ သန္နိဌာန်ခိုင်မာစွာ တော်လှန်တိုက်ပွဲ ဆင်နွှဲလျက်ရှိရာ ယနေ့ 61 နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

> လွတ်လပ်ရေး၊ တရားမျှတရေး နှင့် တန်းတူရေး

ရှမ်းပြည်တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သော " **လွတ်လပ်ရေး၊ တရားမျှတရေးနှင့် တန်းတူရေး**" တို့ အတွက် အသက်၊ ဘဝကိုယ်လက်အင်္ဂါမြောက်များစွာ စွန့်လွှတ်ပေးဆပ် တိုက်ပွဲဝင်ခဲ့ကြကုန်သော ရှမ်းအမျိုးသားခေါင်းဆောင်များနှင့် ရှမ်းတော်လှန်ရေးသမားအပေါင်းတို့အား ဤ 61 နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့ အခါသမယတွင် မိမိတို့အထူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

စစ်အာဏာရှင် စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်သည် အထိ၊ သွေးစည်းညီညွတ်မှု အစဉ် အလာကြီးမားသော ရှမ်းအမျိုးသားများနှင့်အတူ လက်တွဲ၍ အထူး ဝါယမ စိုက်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤ 61နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့ အခါသမယ၌ လေးနက်စွာ သန္နိဌာန်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**7/2/08 NCGUB သဝဏ်လွှာမှ အချို့ကို ထုတ်နှုတ်ဖော်ပြသည်။**

## လူ့အခွင့်အရေး

# ကျေးလက်မိန်းမပျိုအား လက်နက်ကိုင်စစ်သားများ မုဒိမ်းကျင့်

သျှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းမြို့နယ် မိန်းလျဲန့်အုပ်စု မိန်းလျဲန့်ရွာသူ အသက် ၁၆ နှစ်အရွယ် သျှမ်းအမျိုးသမီးငယ်အား မိုင်းပြင်းအခြေစိုက် နအဖစစ်တပ် ခမရ ၃၆၀ မှ အင်အား ၃၀ ရှိတပ်ဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့်ချိန်ရွယ် အဓမ္မပြုကျင့်ကြကြောင်းမိုင်းပြင်းသတင်းရပ်ကွက်က ဆိုပါသည်။

ဂျန္နဝါရီလ ၁၂ ရက်က ကျိုင်းတုံခရိုင် မိုင်းပြင်းအခြေစိုက် နအဖစစ်တပ် ခမရ ၃၆၀ တပ်ခွဲ ၂ မှ ဒု–ဗိုလ် မောင်မြင့်ဦးစီးသော အင်အား ၃၀ ရှိအဖွဲ့တဖွဲ့သည် မိုင်းပြင်း – တုံတာကားလမ်းဘေး၊ လွယ်ကောက်ကွတ်တောင်ကြောတဝိုက် ဘိန်းခြံအချို့မှ ဘိန်းခင်းဖျက်ဆီးသည့် သရုပ်ဖေါ်ပုံ ဓါတ်ပုံရိုက်ယူပြီးအပြန်လမ်းတွင် စားကျက်လွတ်မြင်းများ သွားရှာရာမှပြန်လာသည့် သျှမ်းအမျိုးသမီးပျိုအား အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်းဖြစ်သည်။

“ ဒု–ဗိုလ်မောင်မြင့်နဲ့ တပည့် ၃ ယောက်က ကောင်မလေးကို သေနတ်နဲ့ချိန်ပြီး ရွာနဲ့ ၁ မိုင်ခွဲလောက်ဝေးတဲ့နေရာဆီ ခေါ်သွားတယ်–တဲ့။ ညနေ ၄ နာရီခွဲလောက်က မုဒိမ်းကျင့်တာ ၅ နာရီကျော် လယ်တောက ပြန်လာတဲ့ရွာသားတစ်စုရဲ့အသံကြားမှ ဗမာစစ်သားအဖွဲ့တွေ လန့်ပြီးပြေးကြတာ”ဟု မိုင်းလျဲန့် ရွာသားတဦးက ပြော၏။

အမျိုးသမီး၏ ညီးသံကြောင့် လယ်တောပြန် ရွာသားများတွေ့ရှိကာအိမ်သို့ပြန်ပို့ပေးခဲ့ကြောင်း၊ ရွာသူကြီးကအစနအဖစစ်တပ်အထက်အရာရှိများထံ ကူညီတိုင်ကြားပေးဝံ့သူ တစ်ယောက်မျှမရှိကြောင်း ၄င်းက ဆက်ပြောပြသည်။

အမျိုးသမီး၏ ဆွေမျိုးတစ်ဦးကလည်း“ ဗမာစစ်သားတွေနော် သူတို့သမီး၊ နှမ၊ မအေ အစော်ကားခံရရင်ဘယ်လိုနေမလဲ၊ ကိုယ်ချင်းမစာတတ်ဘူး။ သူများ သမီးပျိုကို လုပ်ရက်လေခြင်း၊ လယ်တောပြန်လာသူတွေရဲ့အသံမကြားရင် တညလုံးဝိုင်းပြီး မုဒိမ်းကျင့်ကြဦးမှာသေချာတယ်”ဟု ရင်ဖွင့်ပြ၏။

နအဖစစ်သားများ၏ မုဒိမ်းကျင့်ခံရသော ဂုံသျှမ်းအမျိုးသမီးငယ်သည် လယ်ယာ၊ ခြံ၊ ကျွဲ၊ နွား၊ မြင်းများပိုင်ဆိုင်သည့် အတော်အတန်ချောင်လည်သော မိဘများ၏ ရုပ်ရည်ချောမောသူ သမီးပျိုလည်းဖြစ်သည်ဟု ဆိုပါသည်။

မိန်းလျဲန့်အုပ်စု၊ မိန်းလျဲန့်ရွာသည် မိုင်းပြင်းမြို့နယ် (ကျိုင်းတုံနှင့် မိုင်းပြင်းကြားရှိ) တုံတာရွာနှင့် ၆ မိုင်ခန့်ဝေးသည်။ ❑

# ပါရာဒိုက်စ်ဟိုတယ်၌ မိနစ် ၂၀ အတွင်း ဗုံး ၄ လုံးဆက်တိုက်ပေါက်ကွဲ

ထိုင်း–သျှမ်း–လောနယ်စပ် ရွှေတြိဂံဒေသ မိုင်းဖုန်းပါရာဒိုက်စ်ဟိုတယ်တွင် ဖေဖေါ်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဗုံး ၄ လုံး ဆက်တိုက်ပေါက်ကွဲကြောင်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း အသေအပျောက်တော့မရှိကြောင်း နယ်စပ်သတင်းရပ်ကွက်က သိရသည်။

သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ်ခရိုင် ရွှေတြိဂံဒေသ မဲခေါင်မြစ်ကမ်း ပါရာဒိုက်စ်ဟိုတယ်၌ ယနေ့နံနက် ၃း၁၅ နှင့် ၃း၃၅ နာရီအကြားမိနစ် ၂၀ အတွင်းဗုံး ၄ လုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်ဟုဆို၏။

“တစ်လုံးက ဟိုတယ်ဝင်းထဲက လက်ဘက်ရည်ဆိုင်နားမှာကွဲတယ်။ တိုင်တလုံးကျိုးသွားတယ်။ တစ်လုံးက အလုပ်သမားတွေနေတဲ့တန်းလျားမှာပေါက်တယ်။တလုံးက သစ်ပင်အောက်မှာပေါက်ကွဲတယ်။ နောက်တလုံးက ဟိုတယ်ဝင်းထဲကဘဲ ချုံတောထဲမှာကွဲ တယ်။ ထိခိုက်ရှနာတော့ မရှိဘူး၊ ထူးခြားတာက မီးလဲမလောင်ဘူး၊ ဗုံးအစအနလဲ ရှာမတွေ့ဘူး” ဟု မိုင်းဖုန်းဒေသခံတစ်ဦးက ပြောပြသည်။

ဗုံးပေါက်ကွဲပြီးနောက် မိုင်းဖုန်းအခြေစိုက် နအဖတပ်သားများနှင့် ရဲများဟိုတယ်သို့ လာရောက်ဝန်းရံ စစ်ဆေးကြပြီးည ၆ နာရီမှ နံနက် ၆ နာရီအထိ ဝန်ထမ်းများအပြင်မထွက်ရ ဥပဒေချလိုက်ကြောင်း သိရသည်။

“ဘယ်သူ့လက်ချက်ကြောင့်တော့ မသိရဘူး။ နအဖ စစ်တပ်ဘက်ကတော့ SSA လက်ချက်လို့ပြောတယ်။ ကျနော့်အထင်တော့ သူပုန်ဆိုရင် မိနစ် ၂၀ လောက် အချိန်ကြာကြာ မနေနိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒီဟိုတယ်နားတဝိုက်က ဗမာစစ်သားတွေရဲ့နယ်မြေ။ နောက်ပြီး နယ်စပ်ဂိတ်စောင့်ရဲနဲ့ လဝကတွေရဲ့စခန်းရှိတယ်။ ဒီတဝိုက်မှာသျှမ်းစစ်သားတွေလဲ တခါမှမတွေ့ဘူး” ဟု ဟိုတယ်ဝန်ထမ်းတစ်ဦးက ဆိုပါသည်။

၎င်းနှင့်ပတ်သက်၍ SSA ပြောခွင့်ရ စဝ်ဟန်လောဝ်ဆိုင်က “ကျနော်တို့မှာ အဲလိုအကျိုးမရှိဗုံးဖေါက်ခွဲဖို့ပေါ်လစီမရှိပါဘူး။မိုင်းဖုန်းဒေသမှာ လက်နက်ကိုင်မူးယစ်ဆေးကုန်သည်တွေလဲ အများကြီးရှိတာဘဲ။ ဒါပေမဲ့ ဖြစ်နိုင်ချေတစ်ခုက SSA ဟာ အကြမ်းဖက်သမားဆိုပြီး ပြည်သူလူထုတွေ အထင်အမြင်လွဲမှားအောင် နအဖစစ်တပ်ကလုပ်ကြံတာဘဲ”ဟု အတည်ပြု ပြောဆိုပါသည်။

မဲခေါင်မြစ်ကမ်းနံဘေးရှိ မိုင်းဖုန်းပါရာဒိုက်ဟိုတယ်တွင် အလုပ်သမားပေါင်း ၁၁၀၀ ခန့်ရှိပြီး ၆၀၀ မှာ ထိုင်းဘက်ကမ်းမှ အလုပ်သမားများဖြစ်ကြသည်။ ကျန်အလုပ်သမားများအနက် ၁၀၀ ခန့်သာ သျှမ်းလူမျိုးများဖြစ်ပြီး ၆၀၀ မှာ ဗမာလူမျိုးများ ဖြစ်ကြသည်ဟု သိရသည်။ မိုင်းဖုန်းမြို့သည် တာချီလိတ် အရှေ့မြောက်ဘက်၌ ရှိပြီး မော်တော်ဆိုင်ကယ်ဖြင့် တစ်နာရီ ခရီးသွားရသည်။ ❑

# အကောင်းဆုံးမျှော်လင့် အဆိုးဆုံးပြင်ဆင်

အကောင်းဆုံးအတွက်မျှော်လင့်ထား၊ အဆိုးဆုံးအတွက်လဲပြင်ဆင်ထားဆိုတာအရေးကြီးတဲ့စကားဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းလဲဘဲ တိုင်းပြည်လွတ်လပ်ရေးအတွက် ဗြိတိသျှနဲ့ဆွေးနွေးဖို့သွားတုန်းက နယူးဒေလီမှာ ဒီစကားပြောခဲ့ဘူး ပါတယ်။ အကောင်းဆုံးကို မျှော်လင့်၊ အဆိုးဆုံးအတွက်လဲပြင်ဆင်ထားလို့ သူပြောခဲ့ ဘူးပါတယ်။ အခုလဲဘဲ သမိုင်းမှာ အင်မတန် အရေးကြီးတဲ့အခန်းကို ရောက်နေတယ်လို့ ကျနော်တို့ သုံးသပ်လို့ရပါတယ်။ ဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်ရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းက သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးရေးဘဲ ဖြစ်တယ်လို့ ပြောဆိုသွားရာမှာ တိုင်းရင်းသားတွေ အခန်း ကဏ္ဍပါသင့်/ ပါထိုက်တယ်ဆိုတဲ့ဟာကို NLD ခေါင်းဆောင်တယောက်အနေနဲ့ရော၊ လူထုခေါင်းဆောင် တယောက်အနေနဲ့ပါ အင်မတန်မှအရေးကြီးလှပါတယ်။ ကျနော်တို့ ကြွေးကြော် တောင်းဆိုတာ ကြာပြီ။နအဖရော NLD ရောလိုက်လိုက် လှဲလှဲ အခုလိုပြောဆိုနေ တာမျိုးမရှိခဲ့ဖူးဘူး။ ကျနော်တို့အတွက် အလား အလာ ဖြစ်တယ်လို့ ပြောလိုပါတယ်။


Image: S.H.A.N.

တဘက်မှာ နအဖစစ်အစိုးရက တွေ့ဆုံဆွေးနွေးပွဲကို ယုံယုံကြည်ကြည်နဲ့ လုပ်လိုစိတ်မရှိဘူးဆိုတာ ကျနော် တို့ အစကတည်းက သိမြင်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ နအဖစစ်အစိုးရအနေနဲ့ တိုင်းပြည်ရဲ့ပြဿနာကို နိုင်ငံရေးနည်း၊တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် မဖြေရှင်းဘဲနဲ့ အကြမ်းဖက်တဲ့နည်း ထိပ်တိုက်ရင်ဆိုင်တဲ့နည်း လက်နက်ကိုင်တဲ့နည်းနဲ့ ဖြေရှင်းချင်တယ်ဆိုတာကျနော်တို့ သုံးသပ်ခဲ့တာကြာပါပြီ။ နအဖစစ်အစိုးရဟာ ကျနော်တို့ တိုင်းရင်းသားတွေကို ပြည်တွင်းစစ်မှာ လက်နက်ကိုင်တဲ့နည်းနဲ့ တိုက်ခိုက်ချေမှုန်းတယ်။ အခွင့်အရေးတောင်းဆိုတဲ့ လူထု/ ဘုန်းကြီး ပါမကျန် ဖမ်းဆီးရိုက်နှက်တယ်။ သတ်ဖြတ်တယ်။ ဒါသူတို့ရဲ့ လုပ်ရိုး လုပ်စဉ်တွေဘဲ။ တိုင်းပြည်ပြဿနာဖြေရှင်းရေးအတွက် အကောင်းဆုံးနည်းလမ်းဟာ တွေ့ဆုံဆွေးနွေးရေးဘဲ ဖြစ်လို့ ကျနော်တို့ ဒီလမ်းကိုရွေးချယ်ရခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများကောင်စီ ENC အနေနဲ့ အကောင်းဆုံးကို မျှော်လင့်ခဲ့တာလဲကြာပြီ။ တဘက်မှာလဲဘဲ အဆိုးဆုံးကိုကျနော် တို့ အမြဲတမ်းပြင်ဆင်နေပါတယ်။ ကျနော်တို့ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေတာလဲ ကြာပြီ။ တဘက်မှာ ပြင်ဆင်မှုကိုနည်းမျိုးစုံနဲ့ လုပ်နေပါတယ်။ ဒီအချိန်မှာ အားမလျှော့ ဘဲနဲ့နိုင်ငံတကာဖိအား လူထုဖိအားနဲ့ ဆက်ပြီးတော့ တွန်းမယ်ဆိုရင် နအဖခံနိုင်မှာ မဟုတ်ဘူး။

ပြည်တွင်းအပစ်ရပ်အဖွဲ့တွေလဲဘဲ အပစ်ခတ်ရပ်စဲရခြင်း ရည်ရွယ်ချက်က နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်ဖို့ မျှော်လင့်ချက်နဲ့ နအဖနဲ့ စကားပြောရအောင် အပစ်ရပ်ခဲ့တာပါ။ ဒါပေမဲ့ ယနေ့အထိ ကျနော်တို့မျှော်လင့်နေတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးရေးဆိုတာ မပေါ်သေးဘူး။ ဘက်ပေါင်းစုံ ပြန်သုံးသပ်ဖို့လိုပါပြီ။ ဖိအားပေးဖို့လိုလာပါပြီ။ နအဖနဲ့တိုက်ရိုက်စကားပြောသင့်ပြီ။ သွယ်ဝိုက်တဲ့နည်းယဉ်ကျေး တဲ့နည်းနဲ့ ကျနော်တို့လုပ်လို့ မရတော့ဘူး။နအဖနဲ့ ဒီနေ့ဒီရက်စကား ပြောချင်တယ်ဆိုပြီး တိုက်ရိုက်တောင်းဆိုဖို့ အချိန်တန်ပြီလို့ ပြောချင်ပါ တယ်။

**ဒေါက်တာလျံမှုန်းဆာခေါင်း**

**အထွေထွေအတွင်းရေးမှူး တိုင်းရင်းသားလူမျိုးများကောင်စီ** ENC

BBC 31/01/2008

**ယနေ့နိုင်ငံရေးခေါင်းဆောင်ကြီးများ အော်ဟစ်နေကြသော “ပြည်ထောင်စု မပြိုကွဲရေး” ဟူသော ကြွေးကြော်သံမှာ ဝိရောဓိဖြစ်နေသော ကြွေးကြော်သံဖြစ်၍ အဓိပ္ပါယ်ကင်းမဲ့လှပေသည်။ မမွေးသေးသောခလေးသည် မသေနိုင်ဟူသော လွယ်ကူထင်ရှားသော ဥပမာကို သဘောပေါက်ကြမည်ဆိုလျှင် မဖြစ်ပေါ်သေးသောပြည်ထောင်စုသည်လည်း မပြိုကွဲနိုင်ကြောင်း ရှင်းလင်းသဘောပေါက်ကြမည်ဖြစ်သည်။**

ဦးရွှေအုံး “မပြိုကွဲနိုင်သော ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့”

# ၆၁ နှစ်မြောက် ရှမ်းပြည်အမျိုးသားနေ့ ဗိုလ်မှူးကြီးခွန်ဥက္ကာ၏ မိန့်ခွန်း



Image: S.H.A.N.

ယနေ့ ၂၀၀၈ ဖေဖော်ဝါရီလ ၇ ရက်နေ့ ၆၁ နှစ်မြောက် **“ရှမ်းပြည်အမျိုးသားနေ့”**နေ့ထူးနေ့မြတ်ကြီးမှာ ပအိုဝ်းတစ်ဦးဖြစ်သူ ကျနော် ခွန်ဥက္ကာရဲ့အမြင်သဘောထားကိုတင်ပြလိုပါတယ်။

လွန်ခဲ့သော ၁၉၄၇ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ရှမ်းပြည်တိုင်းရင်းသားပေါင်းစုံတို့၏ အကြီးအမှူးများဖြစ်ကြသော ခေါင်းဆောင်စော်ဘွားကြီးများသည် စည်းလုံးညီညွတ်မှုတည် ဆောက်လျက် **“အကြိုပင်လုံ ညီလာခံ”**အဖြစ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကို အစွဲပြု၍**“ ရှမ်းအမျိုးသားနေ့”**ဟူ၍လည်းကောင်း၊**“ရှမ်းပြည်နယ်နေ့”** ဟူ၍လည်းကောင်း၊ခေါ်ဝေါ်လာကြရာမှ ရှမ်းပြည်သူအားလုံးတို့၏ဆန္ဒနှင့်အညီ**“ရှမ်းပြည်အမျိုးသားနေ့** (Shan State National Day)” ဟူ၍ အောက်မေ့ဘွယ်အထိမ်းအမှတ် ကျင်းပလာခဲ့ကြခြင်းဖြစ်သည်။

**“ ရှမ်းပြည်အရေးကို ဖြေရှင်းနိုင်လျှင် မြန်မာပြည်အရေး ထက်ဝက်ပြီးစီးသည်”** ဟူသော အဆိုစကားသည် မြန်မာပြည်ဟုခေါ်သော တိုင်းပြည်အဖို့ ရှမ်းပြည်အရေးက အဓိကကျသည့် အချက်ကို ပေါ်လွင်စေပါသည်။

သို့သော် မြန်မာ့နိုင်ငံရေးသမိုင်း၌–

၁။ ရှမ်းပြည်ခေါင်းဆောင်များက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းပေးရန် တစိုက်မတ်မတ်တောင်းဆိုခဲ့သော်လည်း အုပ်ချုပ်သူ မဟာလူမျိုးကြီးဝါဒီ စစ်အာဏာရှင် အဆက်ဆက်က အမြဲတစေလက်နက်အားကိုးအင်အားသုံး၍ဖြေရှင်းကြခြင်းကိုသော်လည်းကောင်း၊

၂။ ရှမ်းပြည်ခေါင်းဆောင်များသည် တပြည်လုံးရှိဘဝတူ တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ၁၉၄၇ အခြေခံဥပဒေ၏ ချွတ်ယွင်းအားနည်းချက်များကို ဥပဒေနှင့်အညီ ဥပဒေကြောင်းအရ ပြင်ဆင်နိုင်ရန် ၁၉၆၁ ကြိုးပမ်းမှုအပေါ်**“ ခွဲထွက်ရေး”** ဆိုင်းဘုတ်တပ်၍ အာဏာရှင် ဗိုလ်နေဝင်းက စစ်တပ်ဖြင့် အာဏာသိမ်းယူခဲ့သည့်အပြင် လက်ရှိ အခြေအနေအထိ ကြီးထွားခိုင်မာလာသော **“ စစ်အာဏာရှင် စံနစ်”**ကို သက်ဆိုးရှည်လာစေခဲ့ခြင်းကို လည်းကောင်း၊

၃။ တပါတီစံနစ်နှင့် တပြည်ထောင်စံနစ် ဖော်ဆောင်ခဲ့သည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ)နှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၈၈ ပြည်လုံးကျွတ်ဒီမိုကရေစီဆန္ဒပြပွဲကြီးများဖြင့် တခဲနက်အုံကြွ ဖြုတ်ချခဲ့ကြစဉ်က ရှမ်းပြည်အနှံ့အပြား လူမျိုးပေါင်းစုံပြည်သူတို့လည်း မိမိတို့၏လွတ်လပ်သော သဘောဆန္ဒကို ငြိမ်းချမ်းစွာပြသကြသောကြောင့် စစ်တပ်ကရက်စက်စွာ ပစ်ခတ်နှိမ်နင်းခဲ့ခြင်းသည် လည်းကောင်း––နောင်လာနောက်သားတို့ မမေ့အပ်သည့် **“ရှမ်းပြည် သမိုင်းအမဲကွက်ကြီးများ”** ပင်ဖြစ်သည်။

ဤနောက်ခံသမိုင်းကိစ္စများကို သင်္ခန်းစာယူ၍ လက်ရှိနှင့် အနာဂတ်တွင်ရှမ်းပြည်၏ဂုဏ်သိက္ခာရှိသောရပ်တည်ရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလွှဲမသွေလုပ်ဆောင်ရမည့်၊ လုပ်ဆောင်သင့်သည့် ကိစ္စရပ်များဖြစ်ကြောင်း တင်ပြလိုပါတယ်။

## ၁။ ရှမ်းပြည်၏ ပြည်လုံးဆိုင်ရာမူဝါဒ

ရှမ်းပြည်၏ ပြည်လုံးဆိုင်ရာမူဝါဒအဖြစ် “ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေး( National Equality and the Right of Self- Determination)”သတ်မှတ်ပြဌာန်းသင့်ပါသည်။ လက်ရှိ ပြည်တွင်း၊ ပြည်ပအခြေအနေနှင့် အကိုက်ညီဆုံး မူဝါဒဖြစ် သည်ဟု ဆိုနိုင်ပါသည်။

## ၂။ ရှမ်းပြည်တွင်း စည်းလုံးညီညွတ်ရေး

ရှမ်းပြည်သည် လူမျိုးပေါင်းစုံရောပြွမ်းနေထိုင်သော ဒေသတစ်ခုဖြစ်ရာ**“ကြီးနိုင်ငယ်ညှင်း”**မရှိစေရန်အတွက်အပြန်အလှန်လေးစားအသိအမှတ်ပြုခြင်း( Mutual Recognition)၊ အပြန်အလှန်နေရာပေးခြင်း (Accommodation)နှင့် အမျိုးသားဒီမိုကရေစီ အခြေခံကျင့်စဉ်ကို ကျင့်သုံးလိုက်နာခြင်း( Respect of National Democracy Principles) တို့ကို**“အသက်ပါပါ”** ခံယူကျင့်သုံးကြရန် လိုအပ်ပါသည်။

## ၃။ ရှမ်းပြည်နှင့် အခြား ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ

ရှမ်းပြည်အဖို့အောင်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရပ်တည်ရေးတို့မှာအထည်းထည်းသီးသန့်လုပ်ဆောင်၍ရမည်မဟုတ်။ ဘဝတူ ကချင်ပြည်၊ ချင်းပြည်၊ ရခိုင်ပြည်၊ ကရင်ပြည်၊ ကရင်နီပြည်နှင့်မွန်ပြည်တို့ အပြင်(နောင်တွင်သတ်မှတ်ပြဌာန်းရန်)ဗမာပြည်တို့ကပါတညီတညွတ် တည်း ထောက်ခံအတည်ပြုမှသာလျှင် ချောချောမောမော ဖြစ်နိုင်ချေရှိမည်ဟု ယုံကြည်ပါသည်။

အခြားသော အချက်အလက် အကြောင်းအရာ အများအပြားရှိမည်ဖြစ်သော်လည်း အထက်ပါအချက်များမှာမူ**“ အဓိက”**ကျမည်၊ **“လက်တွေ့”**ကျမည်၊**“ဖြစ်နိုင်ချေ”**ရှိမည်ဟု မိမိအနေဖြင့် အလေးအနက် ယုံကြည်ပါသည်။

**ဗိုလ်မှူးကြီး ခွန်ဥက္ကာ ဥက္ကဋ္ဌ–ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့**
၂၀၀၈၊ ဖေဖော်ဝါရီ ၇ ရက်

ဆောင်းပါး

# 1947 ပင်လုံညီလာခံ ဘယ်သူမှန် ဘယ်သူမှား

စိုင်းခမ်းဇမ့် (၄၊၂၊၂၀၀၈)

1947 ပင်လုံညီလာခံ တုန်းက စာရေးသူမမွေးသေးပါ။ဒ့ါ့အပြင် စာရေးသူဟာ ဘာသမိုင်းပညာရှင်မှမဟုတ်ပါဘူး။ ဒါပေမဲ့ ပင်လုံကိုသိမှီလိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ ပြောပြ၊ ရေးပြတဲ့အဆိုအမိန့်တွေ၊ စာအုပ်စာတမ်းတွေကိုတော့ အတော်အတန်ကြားဖူး ဖတ်ဖူးပါတယ်။ ဒီ ၃–၄နှစ်အတွင်း ထွက်တဲ့သျှမ်းပြည်အကြောင်း စာအုပ်ထဲမှာ ဦးထွန်းမြင့်တောင်ကြီး၊ ဦးတင်အေး၊ သမိုင်းပညာရှင် ပါမောက္ခ ဦးစိုင်းအောင်ထွန်း၊ ဦးရွှေအုံး၊ စဝ်စန္ဒာတို့ရေးတဲ့ စာအုပ်တွေ ဖတ်ရပါတယ်။



အနီစာအုပ်တွေထဲက ရတဲ့အချက်အလက်တွေနဲ့ အဲဒီအထင်ကရပုဂ္ဂိုလ်တွေရဲ့ အမြင်သဘောထားတွေအပေါ် မူတည်ပြီး တစိတ်တဒေသတင်ပြလိုပါတယ်။ ဘယ်အယူအဆက မှားတယ် မှန်တယ်၊ ဘယ်သူ့အထောက်အထားက ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ စာဖတ်သူများကိုယ်တိုင်ရဲ့ စဉ်းစားသုံးသပ်ချက်အပေါ် မူတည်ပါတယ်။

အဆိုပါ သျှမ်းပြည်နိုင်ငံရေး ခေါင်းဆောင်များနဲ့ ပညာရှင်တွေအများဆုံး ဝေဖန်သုံးသပ် ကောက်ချက်ချထားတဲ့ သမိုင်းမှတ်တိုင်တွေကို အနှစ်ချုပ်လိုက်ရင် အောက်ပါအဓိက အမြင်ရှုဒေါင့်တွေ မြင်တွေ့ရပါတယ်။

❑ ပါလီမန် ဒီမိုကရေစီခေတ်က ဖဆပလ ဗမာခေါင်းဆောင်တဦးက *"ရှမ်းနဲ့ဗမာ ရေးအစဉ်အလာကတည်းက သင့်မြတ်ပူးပေါင်းလာခဲ့ကြတယ်။ တမြေထဲနေ တရေထဲသောက်ခဲ့ကြတယ်။ နယ်ချဲ့အင်္ဂလိပ်က လာရောက်သွေးခွဲအုပ်ချုပ်ပြီး ကွဲသွားကြလို့ ခုထက်ထိတိုင်းပြည်မငြိမ်မသက်ဖြစ်ရတာ"*– လို့ ပြောခဲ့ပါတယ်။

သျှမ်းဘက်ကတော့ ဗမာတွေအင်္ဂလိပ်ကို စွပ်စွဲအပြစ်ဖို့မဲ့အစား အင်္ဂလိပ်ကိုတောင် ထိုင်ရှိခိုးသင့်တယ်။ ကျေးဇူးတင်ရမယ်။ ဘာလို့လဲဆိုတော့ အင်္ဂလိပ်ဟာဗမာမဟုတ်တဲ့ တောင်ပေါ်တိုင်းရင်းသားတွေရဲ့ဆန္ဒကို မလိုက်လျောဘဲ ဗမာတွေရဲ့လိုလားချက်ကိုဘဲ လိုက်လုပ်ခဲ့တယ်။ရေရှည်မှာလူမျိုးအားလုံးဗမာအဖြစ်ပြောင်းလဲသွားအောင် စီမံကိန်းချထားခဲ့တယ်။ တိုင်းရင်းသားတွေကို ဗမာလက်ထဲ ဝကွက်အပ်ပြီးတပ်ခေါက်ပြန်သွားတယ်–တဲ့။ ဒါဟာဘယ်သူမှားဘယ်သူမှန်သလဲ?။

❑ တချို့ရှမ်းတွေကျတော့ စော်ဘွားတွေ ဗမာပြည်အဆင့်မှာ ကိုယ်ကျိုးစီးပွါးအာဏာရရှိဖို့ တိုင်းပြည်ရောင်းစားလို့ ပင်လုံစာချုပ်ပေါ်လာတာဖြစ်တယ်။ သူတို့ရဲ့ အတ္တကိုယ်ကျိုးကြည့်မှုကြောင့် တိုင်းပြည်ဆုံးရှုံး (ဖွတ်မရ ဓါးမဆုံး) ရတယ်လို့ ပြောဆိုလေ့ရှိကြတယ်။

တခြားရှမ်းတွေကျတော့ *"ရပလလို့ အများသိကြတဲ့ ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဟာ ဗမာဘက်ပါတယ်။ ရပလက ဗမာတွေရဲ့လက်ကိုင်ဒုတ်ဖြစ်ပြီး ဗမာတွေရဲ့ ဆန္ဒအတိုင်းထောက်ခံဖို့ ရှမ်းပြည်လူထုကို လှုံ့ဆော်သိမ်းသွင်းလို့ စော်ဘွားတွေ မလွန်ဆန်နိုင်တာနဲ့ ပင်လုံမှာ ခေါင်းငြိမ့်အိုကေလိုက်ကြရတယ်"*– ဆိုပြီးပြောကြတာလဲ မနည်းပါဘူး။ အဲဒါ ဘယ်သူမှားလို့ ဘယ်သူမှန်သလဲ။

❑ တချို့ရှမ်းခေါင်းဆောင်တွေကလဲ *"အဲဒီခေတ်သမယက ရှမ်းပြည်ခေါင်းဆောင်တွေအတွက် ရွေးခြယ်ရာလမ်းမရှိဘူး။ အင်္ဂလိပ်နဲ့ ဗမာတွေ အရင်သဘောတူညီထားကြပြီးတော့မှ ဗမာနဲ့ပူးပေါင်းဖို့ အကြပ်ကိုင်လာတာဖြစ်တယ်။ တော်သေးလို့ ပင်လုံစာချုပ်ရှိတာ။နို့မို့ရင် ဗမာလက်တွင်းက သျှမ်းပြည်အခွင့်အရေးဆိုတာ ဘာမှ လက်ဆုပ်လက်ကိုင် ပြနိုင်မှာမဟုတ်ဘူး"*– လို့ အကြောင်းပြကြပါတယ်။

> **"ရှမ်းဘက်ကတော့ ခွဲထွက်ခွင့်ရှိတာ ပြဿနာမဟုတ်ပါဘူး။ ပြဿနာဖြစ်နေတာက လူမျိုးခြားကိုဝါးမြိုဖို့ ကျူးကျော်သိမ်းပိုက်ချင်တဲ့ မဟာဗမာ လူမျိုးကြီးဝါဒဘဲဖြစ်တယ်"**

တချို့ရှမ်းခေါင်းဆောင်တွေကတော့ *"အဲဒီလို မဟုတ်ဘူး။ ရှမ်းပြည်ဟာ ဗမာပြည်နဲ့ မပူးပေါင်းလဲဘဲ သီးခြားလွတ်လပ်ရေးယူနိုင်တယ်။ ဗမာမဟုတ်တဲ့ တောင်ပေါ်တိုင်းရင်းသားတွေ ပြိုင်တူလွတ်လပ်ရေးအမြန်ရဘို့ ဗမာတွေနဲ့ တမင်တကာပူးပေါင်းတာဖြစ်တယ်"*လို့ဆိုတယ်။ အဲဒါ ဘယ်သူမှားလို့ ဘယ်သူမှန်သလဲ?။ ❑

❑ ၁၉၄၇ အခြေခံဥပဒေထဲမှာပါတဲ့ ခွဲထွက်ပိုင်ခွင့်ဟာ ရှမ်းနဲ့ ဗမာကြား တစိတ်တဝမ်းထဲဖြစ်မှုကို အထစ်အငေါ့၊ အနှောင့်အသွားဖြစ်စေတယ်လို့ ဗမာခေါင်းဆောင်တွေ ပြောတတ်ကြပေမဲ့ ရှမ်းဘက်ကတော့ ခွဲထွက်ခွင့်ရှိတာ ပြဿနာမဟုတ်ပါဘူး။ ပြဿနာဖြစ်နေတာက လူမျိုးခြားကိုဝါးမြိုဖို့ ကျူးကျော်သိမ်းပိုက်ချင်တဲ့ မဟာဗမာလူမျိုးကြီးဝါဒဘဲဖြစ်တယ်လို့ ပြောပြန်တယ်။ အဲဒါ ဘယ်သူမှားလို့ ဘယ်သူမှန်သလဲ?။

## (1) ရှမ်းနဲ့ဗမာသင့်မြတ်ကြတယ် အင်္ဂလိပ်ကသွေးခွဲလို့ ကွဲခဲ့ကြတာဆိုတဲ့ ဗမာခေါင်းဆောင်အချို့ရဲ့အပြော

ဟိုတုံးက ပြည်သူတွေရဲ့အဆင့်ကိုကြည့်ရင် နှစ်ပြည်ထောင်သင့်မြတ်ကြတာကို အလွယ်တကူတွေ့မြင်နိုင်ပါတယ်။ လွတ်လပ်ရေးမရမီခေတ်ကာလတုံးက နှစ်ပြည်ထောင်ပြည်သူတွေ လွတ်လပ်ဘေးကင်းစွာ ကူးလူးဝင်ထွက်ခဲ့ကြပါတယ်။ ရှမ်းပြည်က လား/နွား ဝန်တင်ကုန်သည်တွေ ဗမာပြည်အနှံ့ ဥဒဟိုသွားလာနိုင်တယ်။

ဒါပေမဲ့ နိုင်ငံရေးအဆင့်/ကိစ္စကို ပြန်ကြည့်ရင်အပြန်အလှန်မယုံသင်္ကာ၊ သံသယဖြစ်မှုတွေရှိခဲ့တယ်ဆိုတာ ဗမာ၊ ရှမ်းစာထဲမှာတင်မက အင်္ဂလိပ်စာထဲမှာလဲ တော်တော်များများ ရေးထားတာတွေ့ရပါတယ်။အဲဒီအပြောအဆို အရေးအသားတွေနဲ့စာရေးသူတွေကိုတောင်လှစ်ဟထောက်ပြနိုင်ပါတယ်။သာဓကအားဖြင့်(1885နောက်ပိုင်း)ဗမာပြည်ကို အင်္ဂလိပ်တို့ကိုလိုနီအဖြစ်သိမ်းပိုက်ပြီး ရှမ်းပြည်ဘက် ဦးတည်ချီတက်ခါနီးမှာ တတ်နိုင်သလောက် ဗမာအမှုထမ်းတွေ လိုက်မသွားရလေ အောင်ဆုံးဖြတ်ခဲ့ကြတယ်။ ရှမ်းက ဗမာအမှုထမ်းကို သိပ်မယုံဘူးဆိုတာ အင်္ဂလိပ် တွေသိထားကြလို့ပါဘဲ။ အင်္ဂလိပ်တွေ အတည်တကျအခြေချပြီး နောက်ပိုင်းမြေပြန့်က ဗမာမြို့ရွာတွေကျတော့ စာသင်ကျောင်းတွေပို များပြီး တောင်ပေါ်သားရှမ်းတွေထက် ပညာရေးကဏ္ဍမှာ တပန်းသာ သွားတဲ့ကိစ္စဟာလဲ ကွာဟမှုပိုရှိစေခဲ့ပါတယ်။

ကနေ့မျက်မှောက် အခြေအနေအရ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ **(Tripartite Dialogue)** အကြောင်းပြောလိုက်ရင် ဗမာတွေထဲမှာ သိပ်အကောင်းမမြင်သဘောမရသူတွေခပ်များများရှိနေတာတွေ့ရပါတယ်။ နှစ်ဘက်ဆွေးနွေးပွဲနဲ့လဲ အလုပ်ဖြစ်တယ်။ နှစ်ပွင့်ဆိုင်ဘဲရှိသင့်တယ်လို့ယူဆနေသူ ရှိပါတယ်။ အခုကျမှ ဒီလိုအဖြစ်မျိုး ဖြစ်တာမဟုတ်ပါဘူး။ အင်္ဂလိပ်လက်ထက်ကတည်းက ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ ၁၉၃၁ ဗမာပြည်ကိစ္စ စားပွဲဝိုင်းဆွေးနွေးပွဲ ( **Burma Round Table Conference**) ကျင်းပလို့ လူမျိုးစုကိုယ်စားလှယ်တွေ သွားတက်တော့ ဗမာခေါင်းဆောင်တစ်ဦးက မအောင့်အီးနိုင်ဘဲ သီးခြားအဖွဲ့အနေနဲ့ လာမတက်သင့်ဘူးလို့ ညီးတွားမာန်မဲလိုက်တယ်။ အဲဒါကြောင့် *“ဗမာအုပ်စုတွေအလုပ်လုပ်တဲ့နေရာမှာသူတို့မျက်စိရှုပ်လက်ရှုပ်စရာလူတွေမရှိစေချင်ဘူး”* လို့ ရှမ်းတွေကို သဘောပေါက်စေပါတယ်။ ( သူတို့စိန်ကောင်းကျောက်ကောင်းရောင်းဝယ်တာကို ကန့်လန့်သွားလုပ်တဲ့ဆေးရိုးသယ်အဖြစ် ငါတို့ကိုသဘောထားတယ်လို့ မှတ်ယူစေပါတယ်။

တိုင်းရင်းသားတွေရဲ့ ပြဿနာကိုသိရှိနားလည်ပြီး သုံးဦး သုံးဖလှယ် ဆွေးနွေးဖြေရှင်းမှုကိုလိုလားတာက အင်္ဂလိပ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ဘဲ ဖြစ်ခဲ့တယ်။ အဲဒါကြောင့် ပင်လုံညီလာခံ ပေါ်ပေါက်ခဲ့ရပြီး အထစ်အငေါ့နည်းပါးစွာနဲ့ ရှောရှောရှူရှူ အထမြောက်သွားတာဖြစ်တယ်။ လူမျိုးစုတွေမကျေနပ်တာက ဗမာခေါင်းဆောင်တွေ အပေါ်တင်မကပါဘူး။ အင်္ဂလိပ်တွေအပေါ်လဲ အများကြီး အခဲမကြေပါဘူး။ ဥပမာ တရားဝင်ရုံးသုံးဘာသာစာပေမှာ အင်္ဂလိပ်စာပြီးရင် ဗမာစာကိုပါ ပူးတွဲသတ်မှတ်တဲ့ကိစ္စလဲ အပါအဝင်ပါ။

## (2) တိုင်းပြည်ရောင်းစားတာ ဘယ်သူလဲ။ စော်ဘွားလား – ရပလလား?

စဝ်စန္ဒာရေးတဲ့ (လမင်းသမီး) စာအုပ်မှာ တော့ စော်ဘွားတွေမှာ အပြစ်မရှိဘူး။ ဗမာကိုထောက်ခံတဲ့ စော်ဘွားဆန့်ကျင်ရေးသမား လူငယ်တချို့က လူထုကိုစည်းရုံးပြီး စော်ဘွားတွေအပေါ် အကြပ်ကိုင်ခဲ့လို့ ဗမာ့ဆန္ဒ လိုက်လျောခဲ့ရတယ်လို့ ပြောဆို

“တိုင်းရင်းသားတွေရဲ့ ပြဿနာကိုသိရှိနားလည်ပြီး သုံးဦး သုံးဖလှယ် ဆွေးနွေးဖြေရှင်းမှုကိုလိုလားတာက အင်္ဂလိပ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ဘဲ ဖြစ်ခဲ့တယ်”

ပါတယ်။ ဦးထွန်းမြင့်၊ ဦးရွှေအုံးတို့ကျတော့ စော်ဘွားတွေဟာ ပြည်သူလူထုအကျိုးထက် သူတို့ရဲ့အတ္တ၊ အကျိုးစီးပွါးကိုဘဲ အလေးထား စဉ်းစားတယ်လို့ ဆိုပါတယ်။

ကျနော်တို့လို နောက်ပေါ် – နှောင်းပိုင်း မျိုးဆက်တွေအဖို့ ဘယ်သူ့ကိုယုံရမလဲ?။ ဘယ်လိုရပ်တည်ရမလဲ?။ ဘာသင်္ခန်းစာတွေ ယူရမလဲ?။

ရှုဒေါင့်စုံသမိုင်းမှတ်တမ်း အထောက်အထားတွေကို သုံးသပ်ကြည့်ရင် နှစ်ဘက်စလုံး သူ့အကြောင်းပြချက်နဲ့သူ ကျိုးကြောင်းဆီလျော်ဟုတ်မှန်ကြတာကို တွေ့ရပါတယ်။

ရပလဘက်ကပြောသလို စော်ဘွားတွေ ကိုယ့်ကိုယ်ကျိုးဘဲကြည့်တယ်ဆိုတာ တချို့စော်ဘွားတွေတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ စော်ဘွား အားလုံးမဟုတ်ပါဘူး။ ဥပမာ သထုံစော်ဘွား စဝ်ခွန်ကြည်နဲ့ မိုင်းပွန်စော်ဘွားစဝ်စံထွန်းတို့ဟာ တိုင်းပြည်နဲ့လူထုအကျိုးတကယ်လုပ်တယ်လို့ ပြည်သူအများစုထောက်ခံတဲ့ စော်ဘွားတွေပါ။ ပထမဦးဆုံးသမ္မတဖြစ်တဲ့ ညောင်ရွှေ(ယောင်ဟွေ့)စော်ဘွားစဝ်ရွှေသိုက်အပေါ်ထားရှိတဲ့ အမြင်သဘောထားတွေကျတော့ ကွဲပြားခြားနားကြပါတယ်။ ဗမာဖြစ်ဖြစ် ရှမ်းဖြစ်ဖြစ် သူဟာပဟေဠိ **(Enigna)** ဖြစ်ခဲ့သလိုပါ။

ပသို့ဆိုစေ၊ စဝ်ရွှေသိုက် အထင်အရှား ပြောခဲ့၊ လုပ်ခဲ့တဲ့ အထဲမှာ ဘယ်သူမှမငြင်းနိုင်တဲ့ သာဓကတွေ အများကြီးရှိခဲ့ပါတယ်။

– လူထု ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးမှုအတွက် အင်္ဂလိပ်အစိုးရဆီက ထောက်ပံ့ငွေတောင်းဆိုခဲ့ဖူးတယ်။

–၁၉၄၆ နှစ်ဦးပိုင်း မိုင်းကိုင်ညီလာခံတုံးက ရှမ်းပြည်ကောင်စီထဲ လူထုကိုယ်စားလှယ်ပါဝင်ဖို့ အဆိုပြုထောက်ခံခဲ့တယ်။

–တိုင်းပြည်အုပ်ချုပ်ရေးစနစ်နဲ့ ပတ်သက်ပြီး အင်္ဂလိပ်က ဆန္ဒသဘောထား မေးမြန်းတုံးကလဲ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဘဲ ဖြစ်သင့်ကြောင်း တုန့်ပြန်ပြောဆိုခဲ့တယ်။

အင်္ဂလိပ်တွေနဲ့ အတူတူအလုပ်လုပ်ခဲ့ပြီး အဆင့်မြင့်ခေတ်ပညာတတ်ဖြစ်တဲ့ စဝ်ရွှေသိုက်တစ်ယောက် သဘောထားကျဉ်းမြောင်းတယ်ဆိုတာဟာ ယုံရခက်တဲ့ကိစ္စဖြစ်ပါတယ်။

ရပလဘက်ကလဲ ထိုနည်းလှင်ပါ။ ရပလခေါင်းဆောင်တွေဟာ ဗမာခေါင်းဆောင်မဟုတ်ပါဘူး။ ဗမာခေါင်းဆောင်တွေဆီက အတွေးအခေါ် သဘောတရား သင်ယူလက်ခံရရှိကြပြီး စော်ဘွားစနစ်ကို ရွံမုန်းကြပေမဲ့ အခြားတဖက်မှာကျတော့ သူတို့ဟာ တကယ့်ဒေါင်ဒေါင်မြည် မျိုးချစ်ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်တဲ့ ကိစ္စပါ။ အထင်ကရပုဂ္ဂိုလ်တွေထဲမှာ တောင်ကြီးဦးထွန်းမြင့်ဟာ အပေါ်လွင်ဆုံးဖြစ်ပါတယ်။ စာရေးသူကိုယ်တိုင် သူရေးတဲ့စာတွေ ဖတ်ရတဲ့အတွက် တောခိုသေနတ်ကိုင်ခဲ့ရတယ်။ အခုထက်ထိ ကလောင်ကိုင် တိုက်ပွဲဝင်နေဆဲ ဖြစ်တယ်။ ဦးထွန်းမြင့်ရေးတဲ့ ခွဲရေး တွဲရေးစာအုပ်မှာ ရပလရဲ့ တကယ့်ရပ်တည်ချက် သဘောထား ဘာလဲဆိုတာ ထင်ဟတ်ပြဆိုခဲ့တယ်။ဗိုလ်နေဝင်းစစ်အုပ်စုဖမ်းဆီးထောင်ချပစ်တဲ့ရှမ်းပြည်ခေါင်းဆောင်တွေထဲမှာ သူများတွေက ၄–၅ နှစ်ကျခံရပေမဲ့ ဦးထွန်းမြင့်ကိုတော့ ၈ နှစ်မှ ပြန်လွှတ်ပေးခဲ့တယ်။

စာရေးသူရဲ့ ပုဂ္ဂလိက အမြင်မှာတော့ စော်ဘွားနဲ့ ရပလ နှစ်ဘက်စလုံးရှမ်းပြည်နဲ့ လူမျိုးပေါင်းစုံရှမ်းပြည်သူလူထုအတွက်လုပ်ခဲ့ကြတယ်လို့ မှတ်ယူတယ်။ ဒါပေမဲ့ အခြေအနေ သုံးသပ်ချက်နဲ့ ခန့်မှန်းတွက်ဆမှုမတူ ကွဲပြားခဲ့ကြတယ်။ အဲဒါကြောင့် နှစ်ဘက်စလုံးရဲ့ သင်္ခန်းစာတွေကို ကောင်းကောင်းလေ့လာမှတ်သားပြီး ဆင်းရဲတွင်းနက်ကြပ်တည်းဒုက္ခရောက်နေတဲ့ ကနေ့ပြည်သူလူထုရဲ့ လွတ်မြောက်ရေးအတွက် နည်းလမ်းရှာကြံကြရမှာဖြစ်တယ်လို့ မြင်တယ်။

## (3) ပင်လုံသဘောတူညီချက်မှာ ရှမ်းက လက်မှတ်မထိုးခဲ့ရင် ရခဲ့မလား?

ဗမာပြည်သမိုင်းကြောင်း အဆင့်မြင့်လေ့လာသိရှိတဲ့ Huge Tinker ကတော့ လူမျိုးစုတွေအဖို့ ရွေးချယ်စရာလမ်းမရှိဘူးလို့ ရေးခဲ့ပါတယ်။လူမျိုးစုအားလုံး မပြန့်မကျဲ တစုတစည်းထဲပူးပေါင်းသွားကြဖို့ အစောပိုင်းကတည်းက အင်္ဂလိပ်အစိုးရ ပြင်ဆင်စီမံထားပြီးသားဖြစ်တယ်လို့ သူထောက်ပြပါတယ်။ 1947 နှစ်ဦးပိုင်း လန်ဒန်ဆွေးနွေးပွဲတုံးက လူမျိုးစုကိုယ်စားလှယ်တွေကို ခေါ်ရင်ရရက်သားနဲ့ မခေါ်ဘဲ ဗိုလ်ချုပ်အောင်ဆန်းကိုဘဲခေါ်ပြီး ဗမာပြည်ကို လွတ်လပ်ရေးပေးဖို့ သဘောတူခဲ့တယ်။ တိုင်းရင်းသားလူမျိုးစုတွေအဖို့ သူတို့ဆန္ဒအလျောက် ပူးပေါင်းချင်၊ ပူးပေါင်းနိုင်တယ်ဆိုတဲ့အချက်က စကားအလှဆင်ဟန်ပြပြောတာဘဲဖြစ်တယ်။ တကယ်ဆိုရင် သူတို့ကလားဖန်ထိုးပြီးသား အံတုံးပစ်ပြီးသား၊ ပြန်ပြင်လို့မရတော့ဘူး– လို့ပြောပါတယ်။

ဥပဒေရေးရာ လေ့လာနဲ့စပ်သူ၊ အခုထက်တိုင် တကိုယ်တော်လှုပ်ရှားတိုက်ပွဲဝင်နေသူ ဝါရင့်သျှမ်းပြည်နိုင်ငံရေးသမားဟောင်း ကြီးဦးရွှေအုံးကတော့– *“ရှမ်းပြည်ဟာ ဗမာပြည်နဲ့ မပေါင်းဘဲ သီးခြားလွတ်လပ်ရေးယူချင်လဲရတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က – ခင်ဗျားတို့ ကိုယ့်ဟာကိုယ် လွတ်လပ်ရေးယူချင်လဲရတယ်။ ဘယ်လောက်ကြာမယ်ဆိုတာဘယ်သူ မှမပြောနိုင်ဘူး။ ကျုပ်တို့ဗမာပြည်နဲ့ ပူးပေါင်းရင်တော့ကျုပ်တို့နဲ့အတူ တနှစ်အတွင်း လွတ်လပ်ရေးရမယ်လို့တောင်ပြောခဲ့တယ်”*– လို့ ကောက်ချက်ချပါတယ်။

မလေးရှားကိုဘဲကြည့်။ သူများလွတ်လပ်ရေးယူချိန်မှာ သူတို့မယူသေးဘူး။ 1958 ရောက်တော့ အင်္ဂလိပ်က အသာတကြည် ပေးလိုက်တယ်။ အဲဒီအချိန် သူတို့လဲ အဖက်ဖက် အဆင်သင့်ဖြစ်နေပြီ။ အဲဒါကြောင့် ဘာမှမရှုပ်တော့ဘူး –တဲ့။

လွတ်လပ်ရေးယူဘို့ကိစ္စနဲ့ ပတ်သက်ပြီး 1947 ကတည်းက HNC Stenvenson တို့လို ပုဂ္ဂိုလ်တွေကိုယ်တိုင် နောက်မှဘဲ ဖြေးဖြေးယူဘို့ အကြံပြုခဲ့တယ်လို့ဆိုပါတယ်။ မိမိတို့ရဲ့ပညာရေး၊ စီးပွါးရေး အခြေခိုင်ပြီး ဘက်စုံပြည့်ဝပိုင်ဆိုင်တဲ့အထိ အချိန်ယူ ပြင်ဆင်ထားသင့်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့လွတ်လပ်ရေး အဆောတလျင်လိုချင်သူတွေကတော့ Stenvenson ဟာ မြှောက်ပင့်သွေးထိုးတတ်သူ အဖျက်သမားဘဲ ဆိုပြီး ကနေ့တိုင်ပုပ်ခတ်စွပ်စွဲကြပါတယ်။

ဒီအချက်နဲ့စပ်လျဉ်းပြီး နိုင်ငံရေးနဲ့စပ်သူ ဥပဒေကျွမ်းကျင်သူတွေဆက်ပြီး ဆင်ခြေတက် ငြင်းခုန်ရဦးမှာဖြစ်ပါတယ်။

## (4) ခွဲထွက်ပိုင်ခွင့်ကိစ္စက ပြဿနာ ဂြိုလ်ကောင်ဘဲဆိုတဲ့ ဗမာတွေရဲ့ စွပ်စွဲချက် ဟုတ်မှန်ပါသလား?

ရှမ်း၊ ကချင်၊ ချင်၊ ကိုယ်စားလှယ်တွေ (6-7/2/1947) ပင်လုံမှာ ကနဦးသဘောတူထားတဲ့ အချက်တွေမှာ ခွဲထွက်ခွင့်ပါပြီးသားဖြစ်တယ်။ ဒါပေမဲ့ ဗမာကိုယ်စားလှယ်ပါတဲ့ 4 ပွင့်ဆိုင်သဘောတူညီချက်မှာတော့ ပါမလာဘူး။ ဘာဘဲဖြစ်ဖြစ် 1947 အခြေခံဥပဒေအခန်း 10 မှာ လွတ်လပ်ရေးရပြီး 10 နှစ် ပြည့်ရင် ခွဲထွက်ပိုင်ခွင့် အသုံးပြုနိုင်တယ်လို့ အတိအလင်း ဖေါ်ပြထားတာရှိပါတယ်။ ဗမာစစ်အာဏာရှင်ဗိုလ်နေဝင်းကတော့ အဲဒီခွဲထွက်ခွင့်အချက်နဲ့ ပြည်ထောင်စုကွဲမှာကိုမလိုလားလို့ အာဏာသိမ်းပစ်တယ်လို့ တလျှောက်လုံးအကြောင်းပြဝါဒဖြန့်ခဲ့တယ်။ ဦးရွှေအုံးကတော့ အဲဒီစွပ်စွဲချက်ဟာဆင်ခြေ (excuse) သက်သက်ဘဲ၊ ခိုင်လုံတဲ့အကြောင်းပြချက် (reson) မဟုတ်ဘူးလို့ ထောက်ပြပါတယ်။

▷ သမိုင်းအဖြစ်မှန်ကို ခြုံငုံလှစ်လှန်လိုက်တော့၊ ခွဲထွက်ပိုင်ခွင့်မရှိခဲ့ရင် ရှမ်းတွေပူးပေါင်းပါ့မလား။ရှမ်းပြည်ကသာ မပူးပေါင်းခဲ့ရင် ပြည်ထောင်စုဖြစ်ပေါ်လာမလား။အဲဒါကြောင့် တဖက်တလမ်းကနေ

ပြန်ကြည့်ရင် ခွဲထွက်ပိုင်ခွင့်ကိုတောင် ကျေးဇူးတင်ရမှာဖြစ်တယ်။

▷ **ပြည်ထောင်စုကြီးပြိုကွဲမယ် မပြိုကွဲဘူးဆိုတာ ခွဲထွက်ပိုင်ခွင့် ရှိ/မရှိဆိုတဲ့အချက်ပေါ်မှာ တစိတ်တဒေသ မူတည်ပါတယ်။ တကယ့်လက်တွေ့မှာ တရားမျှတမှု၊တန်းတူညီမျှမှုရှိ/မရှိဆိုတဲ့အချက် ပေါ်မှာ အများကြီးတည်မှီပါတယ်။ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှုမရှိဘူး။ (ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဆိတ်သုဉ်းကင်းမဲ့နေရင်) ခွဲထွက်ပိုင်ခွင့် ရှိရှိမရှိရှိ ပြိုကွဲမှာဘဲဖြစ်တယ်။ ယူဂိုဆလားဗီးယား၊ ချက်ကိုဆလိုဗက်ကီးယား၊ ဗင်ဂလာဒေ့သျှ်နဲ့ အရှေ့တီမော နိုင်ငံတွေဟာ အကောင်းဆုံးသာဓကတွေပါ။ အဲဒီနိုင်ငံတွေရဲ့ အခြေခံဥပဒေတွေမှာ ခွဲထွက်ပိုင်ခွင့်မပါရှိပေမဲ့ တရားမျှတ တန်းတူ လွတ်လပ်မှုမရှိလို့ ခွဲထွက်သွားကြတာဖြစ်တယ်။**

ကနေ့ နအဖစစ်အုပ်စုက တဖက်သတ်မျက်စိမှိတ် တဇွတ်ထိုး ရေးဆွဲနေတဲ့ (သူတို့ရဲ့ ညောင်နှစ်ပင်ဦးတည်ချက် 6 ရပ်အခြေခံမူ 104 ချက်တွေအပေါ် အခြေခံတဲ့ ) အခြေခံဥပဒေဟာ ဘယ်လောက်တာရှည်ခံမှာလဲ?။ ဦးရွှေအုံးကတော့ သက်ဆိုးရှည်မှာ မဟုတ်ဘူးလို့ ပြောပါတယ်။စစ်မှန်တဲ့အခြေခံဥပဒေမဟုတ်လို့၊ပြည်သူတွေရဲ့ဆန္ဒနဲ့သွေဖည်ဆန့်ကျင်နေလို့ ရေရှည်တည်တံ့နိုင်မှာမဟုတ်ဘူးလို့ ထောက်ပြပါတယ်။ နအဖ ညောင်နှစ်ပင် အခြေခံဥပဒေဟာ–

△ စစ်အုပ်စု အာဏာခိုင်မြဲရေးအတွက် နအဖရဲ့ဆန္ဒကိုသာ ဖေါ်ဆောင်ဖို့ဖြစ်တယ်။

△ 7 တိုင်းနဲ့ 7 ပြည်နယ် အဆင့်တူထားတယ်။ တကယ်ဆိုရင် တိုင်းအဆင့်ထက် ပြည်နယ်(ဝါ) ပြည်ထောင်အဆင့်က အချုပ်အခြာအာဏာ Sovereignty ရှိနိုင်ပါတယ်။ အနှစ်သာရချင်း၊ သမိုင်းနောက်ခံချင်း၊အဆင့်ချင်းမတူတာကို ရောပြွမ်းလိုက်တာကြောင့် ရေရှည်သွားနိုင်မှာမဟုတ်ဘူးလို့ ဦးရွှေအုံး သုံးသပ်ပြပါတယ်။

၆၀ နှစ်မြောက် သျှမ်းပြည်အမျိုးသားနေ့နဲ့ ပင်လုံစာချုပ်နေ့ ကျရောက်တဲ့အခါသမယမှာ တိုင်းရင်းသားလူမျိုးစုများအနေနဲ့ ဘာဆက်လုပ်မှာလဲ?၊ လွတ်လပ်ရေးလား? ဖက်ဒရယ်လား?၊ ဘယ်လို? ဘာ့ကြောင့်? ဘာအတွက်လဲ?။ ကမ္ဘာ့ရေစီးကြောင်း၊ အိမ်နီးချင်းတိုင်းပြည်တွေရဲ့ အနေအထားဘယ်လိုဖြစ်နေသလဲ?၊မိမိတို့အင်အား၊ အခြေအနေ ၊ အသိအမြင် အရည်အချင်းနဲ့ ညီညွတ်မှုက ဘယ်အဆင့်လဲ?။ ဖြစ်နိုင်တာ၊ ဖြစ်ချင်တာ၊ ဖြစ်သင့်ဖြစ်ထိုက်တာက ဘာတွေလဲ? ဘာအချက်တွေက အဓိကလက်တွေ့ကျပြီး ဖြစ်နိုင်ခြေ အများဆုံးလဲ? စတဲ့ မေးခွန်းတွေအပေါ် တွေးတောအဖြေရှာ သုံးသပ် ဆုံးဖြတ်ဖို့ အထူးလိုအပ်လှပါပြီ။ ❑

# စစ်မှန်တဲ့ ပြည်ထောင်စုမဟုတ်သေးဟု တိုင်းရင်းသားခေါင်းဆောင်တွေပြော

RFA 12/2/08

1947 က ချုပ်ဆိုခဲ့တဲ့ မူလပင်လုံစာချုပ်အတိုင်း တိုင်းရင်းသားအခွင့်အရေးတွေ ပြည့်စုံတဲ့၊ စစ်မှန်သောပြည်ထောင်စုကြီးဆိုတာ ဖြစ်မလာသေးဘူးလို့ တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီတွေ ပြောကြပါတယ်။

ပင်လုံစာချုပ်ချုပ်ဆိုတဲ့ ပြည်ထောင်စုနေ့ ၆၀ နှစ်တိုင်ခဲ့ပြီဖြစ်ပေမဲ့ တိုင်းရင်းသားတွေ လိုလား တောင့်တနေကြတဲ့ စစ်မှန်တဲ့ပြည်ထောင်စုလည်းမဖြစ်သေး၊ စစ်မှန်တဲ့ ပြည်ထောင်စုနေ့လည်း မဟုတ်သေးဘူးလို့ ရှမ်း၊ မွန်၊ ရခိုင်၊ ချင်း၊ ကရင်၊ ကချင်၊ ကယား၊ ကယန်း၊ ဇိုမီး စတဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီ ၁၂ပါတီ တွေရဲ့ သဝဏ်လွှာတွေက ဆိုပါတယ်။

မူလ ပင်လုံစာချုပ်အတိုင်း တိုင်းရင်းသားတွေအတွက် ပြည့်ဝတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီနိုင်ငံတွေရဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်တဲ့ မူလအခွင့်အရေးတွေ အခုထိ ဘာတခုမှ ဖြစ်မလာခဲ့ဘူးလို့ တိုင်းရင်းသားအဖွဲ့တွေက ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှမ်းဝါရင့်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးရွှေအုန်းက–

"ပြည်ထောင်စုဖြစ်လာတာ ၆၀ နှစ်ခဲ့ပေမဲ့ ပြည်ထောင်စု အစစ်အမှန်ဘယ်တော့မှ မဖြစ်ခဲ့ဘူး။ ပြည်ထောင်စု အတုအယောင်တွေပဲဖြစ်တယ်။ ပြည်ထောင်စုအစစ်အမှန်ဖြစ်အောင် နောက်ဆက်ပြီး ကြိုးစားကြဖို့ကျနော်ပြောချင်တာပါ။ပြည်ထောင်စုဖြစ်လာတာ ၁၉၄၈ခုနှစ်၊ ပထမ ပြည်ထောင်စုတုန်းကလည်း အစစ်မဟုတ်ပါဘူး။ မဟာဗမာပြည်ထောင်စုဘဲ။ ဘာလို့လဲဆိုရင် ဗမာပြည်မက ပြည်နယ်နေရာမယူဘဲနဲ့ ပြည်ထောင်စုနေရာယူထားလို့ မဟာဗမာလို့ပြောတာ။ အဲဒါကို မကျေနပ်လို့ ၁၉၆၀ မှာ ပြင်မလို့လုပ်တဲ့အခါ အာဏာသိမ်းခံရတယ်။ ၁၉၇၄ ကျတော့ မဟာဗမာပြည်ထောင်စု မဟုတ်တော့ဘူး။ ဗမာပြည်နယ်ဖြစ်ရမဲ့ ပြည်မကိုတိုင်း ၇ တိုင်း ခွဲပြီးတော့မှ ပြည်နယ်နဲ့တန်းတူ လုပ်လိုက်တာ ပိုဆိုးသွားတယ်။"

၂၀၁၀ မှာ ပြုလုပ်မယ်လို့ နအဖကြေငြာထားတဲ့ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့လဲ အခုလိုဆက်ပြီးပြောပါတယ်။

" ရွေးကောက်ပွဲ လုပ်ဖို့ဆိုတာ လွတ်လပ်စွာပြောဆိုခွင့်၊ စည်းရုံးခွင့်၊ အဲဒါတွေရှိမှဘဲရမှာပေါ့။ အကုန်လုံး ခြေတွေ လက်တွေတုပ်ထားပြီးပြေးခိုင်းတယ်ဆိုရင် မှောက်လဲရုံဘဲရှိမှာ။ ကျနော်တို့ဘာမှ လွတ်လပ်ခွင့်မရှိဘဲနဲ့ "

ဦးရွှေအုန်းဟာ ဗိုလ်ချုပ် အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ ၁၉၄၇ က ပင်လုံစာချုပ် လက်မှတ်ရေး ထိုးပွဲ ဖြစ်မြောက်ရေးမှာ ရပလခေါ် ရှမ်းပြည်သူ့လွတ် မြောက်ရေး အဖွဲ့ချုပ်ဝင် လူငယ်တယောက်အနေနဲ့ ပါဝင်လှုပ်ရှားခဲ့သူ တစ်ဦးဖြစ်ပါတယ်။ ရှေ့နေတစ်ဦးလဲဖြစ်တဲ့ ဦးရွှေအုန်းဟာ ဖျက်သိမ်း ခံရတဲ့ ပါတီတွေထဲက ရှမ်းပြည်လူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌဟောင်းလဲဖြစ်ပါတယ်။ အသက် ၈၄ နှစ်အရွယ်ရှိပြီဖြစ်ပြီး တိုင်းရင်းသားအရေးကိစ္စကို တစိုက်မတ်မတ်ဆောင်ရွက်နေတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ❑

# ရှမ်းပြည်အမျိုးသားနေ့ အကြောင်းသိကောင်းစရာ

ရှမ်းပြည်လူထုခေါင်းဆောင်များနဲ့စော်ဘွားများရဲ့ ဦးဆောင်ကမကထပြုမှုအရ ရှမ်းပြည်အလယ်ပိုင်းယခင်လိုင်းခဲ့ (လဲချား)နယ် ပင်လုံမှာ 1947 ဖေဖော်ဝါရီ 3 - 12 / 10 ရက်ကြာ ကျင်းပခဲ့တဲ့ ဒုတိယပင်လုံညီလာခံဟာ **ဖေဖော်ဝါရီ 7 ရက် ရှမ်းပြည်အမျိုးသားနေ့** နဲ့ **ဖေဖော်ဝါရီ 12 ပင်လုံစာချုပ်နေ့** (ဝါ) **ပြည်ထောင်စုနေ့** တွေပေါ်ပေါက်စေခဲ့တဲ့ ကမ္ဘာကျော်သမိုင်းဝင်နေ့ရက်များ ဖြစ်ကြပါတယ်။

1946 မတ်ချ် 26-28 ရက် ပထမပင်လုံညီလာခံကျင်းပစဉ် ရှမ်းစော်ဘွားများကောင်စီ (Shan State Saophas Council) ပြန်လည်ဖွဲ့စည်းခဲ့ တုန်းက စော်ဘွားများရဲ့ကိုယ်စားလှယ်တွေ ပါဝင်ဦးဆောင်တက်ရောက်ခဲ့ကြသလို ခွန်ကြာပု၊ ခွန်ဘဉာဏ်၊ ဒေါက်တာစိုင်းနော်ခမ်း စတဲ့ လူထု ခေါင်းဆောင်တွေလဲ တက်ရောက်ကြပါတယ်။

1946 ဂျူလိုင် 21-27 ရက်မှာ ရှမ်းစော်ဘွားများကောင်စီ SSSC ဥက္ကဋ္ဌ နမ့်ဆန်ပလောင်စော်ဘွား ခွန်ပန်းစိန် ဦးဆောင်ပြီး (1922 အောက်တိုဘာ 1 ရက်ကဖွဲ့စည်းခဲ့တဲ့၊ လူထုကိုယ်စားလှယ်တွေမပါဝင်ဘဲ အင်္ဂလိပ်ကော်မရှင်နာကိုယ်တိုင် ဥက္ကဋ္ဌရာထူးယူထားတဲ့) ယခင် ဖက်ဒရယ်ပြည်ထောင်စုရှမ်းပြည် ( FSSC) ကို အာခံအံတုဖို့ အစည်းအဝေးတရပ်ကျင်းပခဲ့ကြပါတယ်။

အဲဒီအစည်းအဝေးဆုံးဖြတ်ချက်အရ ရှမ်းပြည်လူထုကိုယ်စားလှယ်တွေနဲ့ စော်ဘွားကိုယ်စားလှယ်တွေ အတူတကွပါဝင်မဲ့ ရှမ်းပြည်ကောင်စီ (SSC) ဖွဲ့စည်းခဲ့ရင် အဲဒီကောင်စီအသစ်ကို လက်ခံအသိအမှတ်ပြုပြီး အာဏာအပ်နှင်းဖို့၊ လက်ရှိ (FSSC) အဟောင်းကို ဖျက်သိမ်းပေးဖို့– ဗမာပြည်ဘုရင်ခံ Governor ထံ 3/2/1947 နေ့မှာ ကြေးနန်းစာ ပို့လိုက်ပါတယ်။

7/2/1947 မှာ အင်္ဂလိပ်ဘုရင်ခံက "FSSC ဥက္ကဋ္ဌ အင်္ဂလိပ်ကော်မရှင်နာမင်းကြီးသဘာပတိလုပ်တဲ့ နှစ်လည်ကောင်စီညီလာခံဆုံးဖြတ်ချက်ကလွဲလို့ ဘယ်ဆုံးဖြတ်ချက်မှ အဓိပ္ပါယ်မရှိကြောင်း၊ အဲဒီတောင်းဆိုချက်တွေကို စွန့်လွှတ်ရပ်သိမ်းရမှာဖြစ်ကြောင်း" ကြေးနန်းစာ အကြောင်းပြန်ခဲ့ပါတယ်။

ဒါပေမဲ့ အင်္ဂလိပ်ဘုရင်ခံရဲ့ ညွှန်ကြားချက်ကို စော်ဘွားတွေနဲ့ ရှမ်းပြည်လူထုခေါင်းဆောင်တွေ လက်ခံနာယူခြင်းမရှိကြပါဘူး။ လူထုခေါင်းဆောင်နဲ့ စော်ဘွားကိုယ်စားလှယ် 7 ဦးစီပါဝင်တဲ့ ရှမ်းပြည်ကောင်စီအသစ် ဖွဲ့စည်းတည်ထောင်လိုက်ကြပါတယ်။ ကောင်စီဥက္ကဋ္ဌ စဝ်ခွန်ပန်းစိန်ကဘဲ မူလဘူတရှေ့ပြေး ပင်လုံစိတ်ဓါတ်အဖြစ်အောက်ပါဦးတည်ချက် 3 ရပ်ကို လူထုအကြား ရှင်းလင်းချပြခဲ့ပါတယ်။

(1) အင်္ဂလိပ်အရာရှိတွေမပါဝင်တဲ့ သီးခြားရှမ်းပြည်ကောင်စီထူထောင်ရေး

(2) ရှမ်းပြည်လူထုကိုယ်စားလှယ်များကိုယ်တိုင် ကောင်စီထဲပါဝင်ရေး

(3) ရှမ်းပြည်လွတ်မြောက်ရေး

အဲဒါနဲ့ပတ်သက်တဲ့ ကြေငြာချက်ကို ရန်ကုန်အသံလွှင့်ရုံဆီပေးပို့လိုက်ပြီး အဲဒီ 7/2/1947 ညနေမှာအသံလွှင့်တော့ တပြည်လုံး ဗွက်လောရိုက်သွားတယ်။

ပင်လုံသဘောတူညီချက် လက်မှတ်ထိုးပြီး 3 ရက်အကြာ 15/2/1947နေ့မှာ မူလရှမ်းပြည်စော်ဘွားများကောင်စီ (SSSC) ကနေ ရှမ်းပြည်ကောင်စီ(SSC)အဖြစ်တရားဝင်ပြောင်းလဲသတ်မှတ်လိုက်တယ်။

ပင်လုံစာချုပ်လက်မှတ်မထိုးခင် တစ်ရက်အလို 11/2/1947 နေ့မှာ (SSC) ဥက္ကဋ္ဌ စဝ်ခွန်ပန်းစိန်က ရှမ်းပြည်လူမျိုးပေါင်းစုံနဲ့ ပတ်သက်အကြုံးဝင်တဲ့ အောက်ပါဆုံးဖြတ်ချက် 3 ရပ်ဖြစ်တဲ့–

(1) ဖေဖော်ဝါရီ 7 ရက်ကို အမျိုးသားနေ့အဖြစ်–

(2) ဝါစိမ်းနီနဲ့ အဖြူရောင်လဝန်းအလံကို ရှမ်းပြည်အလံတော် အဖြစ်–

(3) ခေးတိုင်းခေးရာဇာသီချင်းကို ယာယီအမျိုးသားသီချင်းအဖြစ် – သတ်မှတ်ကြောင်းထုတ်ပြန်ကြေငြာလိုက်တယ်။

လွန်ခဲ့တဲ့ 61 နှစ်ကစပြီး ဖေဖော်ဝါရီ 7 ရက်နေ့ကို **ရှမ်းအမျိုးသားနေ့**လို့ အစွဲပြုခေါ်ဝေါ်ခဲ့ပေမဲ့ အဲဒီခေတ်ကာလ သမယအခြေအနေအရ အနှစ်သာရနဲ့ဦးတည်ချက်ကတော့ လူမျိုးပေါင်းစုံရှမ်းပြည်သူတရပ်လုံးကို ကိုယ်စားပြုဖို့ ရည်ညွှန်းခဲ့တာဖြစ်ပါတယ်။

1962 ဗိုလ်နေဝင်းဦးဆောင်တဲ့ ဗမာစစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း အင်္ဂလိပ်တို့ထက် ခွဲခြမ်းစိတ်ဖြာအုပ်ချုပ်မှုပိုကျင့်သုံးလာလို့ ရှမ်းပြည်လူမျိုးစုများအကြား သပ်လျှိုသွေးထိုး ဖဲ့ထုတ်စည်းရုံးမှုတွေတိုးပွါးလာတယ်။

အဲဒါကြောင့် ရှမ်းလူမျိုးစုတွေလောက်ဘဲ အမျိုးသားနေ့ကျင်းပပြီး တခြားရှမ်းပြည်လူမျိုးစုတွေပါဝင်တာ သိပ်မတွေ့ရတာယနေ့တိုင်ဖြစ်ပါတယ်။

နောက်ထပ်ချို့ယွင်းအားနည်းချက်တခုကတော့ နောက်ခံသမိုင်းဖြစ်ရပ်ကိုမလေ့လာတဲ့ရှမ်းတွေ အဲဒီအမျိုးသားနေ့နဲ့ ဝါ၊ စိမ်း၊ နီအလံဟာ မိမိတို့ရှမ်းနဲ့ဘဲသက်ဆိုင်တယ်လို့ယူဆပြီး ရှမ်းနေ့/ ရှမ်းအလံအဖြစ် ထင်မှတ်လာကြတယ်။

**ဥပမာ** – လူမျိုးအလိုက် ယုံကြည်ရာ ဓလေ့ထုံးတမ်းဖြစ်တဲ့ သျှမ်းနှစ်သစ်ကူးပွဲပါမကျန် (လူမျိုးအားလုံးနဲ့သက်ဆိုင်တဲ့) ရှမ်းပြည်အလံကို လွှင့်ထူ ချိတ်ဆွဲ တွဲကပ် အသုံးချတာတွေ အပါအဝင်ဖြစ်တယ်။ ရှမ်းမဟုတ်တဲ့တခြားရှမ်းပြည်လူမျိုးစုတွေကလည်း အဲဒီအမျိုးသားနေ့နဲ့အလံဟာ မိမိတို့နဲ့ဘာမှမပတ်သက်သလိုနေလာကြတော့ အာဏာရှင်ဗမာစစ်အုပ်စု အကွက်ထဲဝင်ပြီးသား ဖြစ်သွားတယ်။

သမိုင်းအစစ်အမှန်လှစ်လှန်လိုက်ရင် **ရှမ်းပြည်အမျိုးသားနေ့**ဖြစ်တဲ့ 7/2/47မရှိရင်ပြည်ထောင်စုနေ့လို့အများသိကြတဲ့12/2/47 **ပင်လုံစာချုပ်နေ့** လဲရှိမှာမဟုတ်သလို 4/1/48 **လွတ်လပ်ရေးနေ့**လဲရှိမှာမဟုတ်ပါဘူး။

ပင်လုံညီလာခံသာ မဖြစ်ခဲ့ဘူးဆိုရင် ပြည်ထောင်စုအမည်ခံကနေ့တိုင်းပြည်ရဲ့အနေအထားလဲ တမျိုးတဖုံပြောင်းလဲခဲ့မယ်ဆိုတာမြေကြီးလက်ခတ်မလွဲဖြစ်ပါတယ်။

❑ ❑ ❑

# ရှမ်းပြည်အမျိုးသားနေ့ နောက်ခံသမိုင်း

**1885** ဗမာပြည် ဗြိတိသျှကိုလိုနီအဖြစ်ကျရောက်။

**1887** ရှမ်းပြည် ဗြိတိသျှအစောင့်အရှောက်ခံတိုင်းပြည်ဖြစ်လာ။

**1922** စော်ဘွားနယ် 33 နယ် (နောင် 34 နယ်) ပါဝင်သော ဖက်ဒရယ်ပြည်ထောင်စုရှမ်းပြည် FSS-

(ရှမ်း 21, ဓနု 3, ပအိုဝ်း 2, ပလောင် 1, ဝ 1, ကိုးကန့် 1, ကယန်း 1 နယ်) အဖြစ် ( 1/ 10 / 1922 ) ၌ဖွဲ့စည်း။ အင်္ဂလိပ်ကော်မရှင်နာဥက္ကဋ္ဌ လုပ်။

**1930** ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရေးအတွက် သဘောတူစုပေါင်း တောင်းဆိုကြသည့် တောင်ကြီးညီလာခံကျင်းပပြီးသည်နှင့်စက်တင်ဘာ 3 ကိုအမျိုးသားနေ့အဖြစ်သတ်မှတ်။

**1945**

**ဩဂုတ်စ်** 15 – ဒုတိယကမ္ဘာစစ်ပြီးဆုံး။

**အောက်တိုဘာ** 17 – မွန်နှင့်ရခိုင်အပါအဝင် ဗမာပြည်ကို လွတ်လပ်ရေးပေးရန် အင်္ဂလိပ်အစိုးရကြေငြာ။ ကျန်တောင်တန်းနယ်စပ်ဒေသများအပေါ် သီးခြားဆက်လက်အုပ်ချုပ် သွားရန်။

**1946**

**ဂျန္နဝါရီ** 30

– မိုင်းကိုင် (မိန်းကိန်) ကွန်ဖရင့်၌ (နောင်ရှမ်းပြည် ကောင်စီဖြစ်လာမည့်) ရှမ်းပြည်စော်ဘွားများကောင်စီ ဖွဲ့စည်း။ နမ့်ဆန်–တောင်ပိုင် (ပလောင်)စော်ဘွားကြီး စဝ်ခွန်ပန်းစိန် ဥက္ကဋ္ဌအဖြစ်တာဝန်ယူ။

**မတ်ချ်** 26-30

– ပထမပင်လုံညီလာခံ ရှမ်းပြည်ကောင်စီတွင် လူထုကိုယ်စားလှယ်များ ပါဝင်လာရေးဆွေးနွေး။

**ဩဂုတ်စ်** 20

– ရှမ်းပြည်လူငယ်များရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် – နောင်ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ရပလ) တောင်ကြီးတွင်ထူထောင်။

ရပလ၏ အခြေခံမူ ရပ်တည်ချက် 3 ရပ်မှာ –

(1) လွတ်လပ်သော တိုင်းပြည်အဖြစ်ရှမ်းပြည်ရပ်တည်နိုင်

(2)ဗမာပြည်နှင့်ပူးပေါင်းပြီး တပြိုင်တည်းလွတ်လပ်ရေးယူသင့်

(3) ခွဲထွက်ပိုင်ခွင့်ရှိပါက ဗမာပြည်နှင့် ပြည်ထောင်စုအဖြစ် ထူထောင်သင့်။

**1947**

**ဂျန္နဝါရီ** 27 – ၄င်းတို့၏ဆန္ဒအပေါ် မူတည်၍တောင်တန်း ဒေသများအပါအဝင် တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် အောင်ဆန်း – အက်တလီ စာချုပ်ချုပ်။

**ဖေဖော်ဝါရီ** 3

– ဒုတိယပင်လုံညီလာခံစတင်။ 15/2/47 နေ့ တောင်ကြီးတွင်ကျင်းပမည့် ရှမ်းပြည်ကောင်စီ SSC ညီလာခံ၌ လူထုနှင့်စော်ဘွားကိုယ်စားလှယ် 7 ဦးစီ တန်းတူညီမျှစွာပါဝင်ရန်ကိစ္စ ဗမာပြည်ဘုရင်ခံထံ ကြေးနန်းစာပို့။

**ဖေဖော်ဝါရီ** 6– ရှမ်း–ကချင် ကိုယ်စားလှယ်အစည်းအဝေး၌ အောက်ပါအချက်များ သဘောတူဆုံးဖြတ်–

1– ကချင်ပြည်ရရှိရေးသဘောတူ။

2– ဗမာပြည်နှင့်တန်းတူရေး။

3– မိမိပြည်တွင်းရေးကိစ္စကို ကိုယ်တိုင်တာဝန်ယူ။ တပြည်လုံးနှင့်ဆိုင်သည့်အခြားကိစ္စများအတွက်ပူးပေါင်းတာဝန်ယူ။

4– အောင်ဆန်း–အက်တလီ စာချုပ်ကို လက်မခံ။

5– ခွဲထွက်ခွင့်ရရှိရေး။

**ဖေဖော်ဝါရီ** 7

❑ ကချင်၊ ချင်း၊ ရှမ်းကိုယ်စားလှယ် အစည်းအဝေး၌ ရှမ်း၊ ကချင်သဘောတူဆုံးဖြတ်ချက်အားလုံးလက်ခံအတည် ပြု။

❑ ရှမ်းပြည်ကောင်စီ၏တင်ပြချက်၊ တောင်းဆိုချက်များကို လက်မခံပယ်ချကြောင်း အင်္ဂလိပ်ကော်မရှင်နာက ကြေးနန်းအကြောင်းပြန်။

❑ ရှမ်းပြည်ကောင်စီ၏ လူထုနှင့်စော်ဘွားကိုယ်စားလှယ် 7 ဦးစီပါဝင်မှု ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်းအင်္ဂလိပ်၏ ကြေးနန်းစာကို ဆန့်ကျင်ကြောင်း ကော်မရှင်နာနှင့် ဘုရင်ခံတို့ထံ ကြေးနန်းပြန်ရိုက်။

**ဖေဖော်ဝါရီ** 8

– ဗမာအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်း ပင်လုံရောက်။

**ဖေဖော်ဝါရီ** 9

– ပင်လုံညီလာခံ ဆက်လက်ကျင်းပ။

**ဖေဖော်ဝါရီ** 11

– ရှမ်းပြည်ဆိုင်ရာဆုံးဖြတ်ချက် 3 ရပ်အတည် ပြုကြောင်း ရှမ်းပြည်ကောင်စီဥက္ကဋ္ဌ SSC စဝ်ခွန်ပန်းစိန်ထုတ်ပြန်ကြေငြာ။

(1) Feb.7အမျိုးသားနေ့

(2) ဝါစိမ်းနီ–အမျိုးသားအလံ

(3) အမျိုးသားသီချင်း

**ဖေဖော်ဝါရီ** 12

–အချက် 9 ချက်ပါ ပင်လုံသဘောတူညီချက် (ရှမ်းပြည်ကိုယ်စားလှယ် 14 ဦး၊ ကချင်တောင်တန်းဒေသ ကိုယ်စားလှယ် 6 ဦး၊ ချင်းတောင်တန်းကိုယ်စားလှယ် 3 ဦးနှင့်ဗိုလ်ချုပ်အောင်ဆန်း တို့)လက်မှတ်ထိုး။

ပင်လုံစာချုပ် 9 ချက်၏ အကျဉ်းချုပ်အနှစ်သာရမှာ ပြည်နယ်တိုင်း(အတွင်းရေးဝင်မစွက်စတမ်း)အပြည့်အဝကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်၊ ဒီမိုကရေစီနှင့်တန်းတူရေး၊ ကိုယ်ပိုင်ဘဏ္ဍာရေး စီမံခန့်ခွဲပိုင်ခွင့်များ အခရာကျ။

❑ ❑ ❑

# လွတ်လပ်မှုဆီသို့ နည်းလမ်းရှာဖွေခြင်း

လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက Fort Wayne မှာပြုလုပ်တဲ့ အစည်းအဝေးတစ်ခုမှာဗမာပြည်ထဲကလူမျိုးစုတွေကိုယ့်လူမျိုးစုဖွံ့ဖြိုးတိုးတက်ရေး ထိန်းသိမ်းမြှင့်တင်ဖို့နဲ့ ဗမာပြည်ရဲ့ခေါင်းဆောင်တွေဖြစ်လာဖို့ နည်းလမ်းရှာနိုင်အောင် အမေရိကန်မိတ်ဆွေတစ်ယောက် အကြံပြုခဲ့တယ်။

မိတ်ဆွေ Fred Gilbert ဟာ အီရတ်နိုင်ငံရေးအခြေအနေ ရှင်းပြတုန်းကလိုမျိုး ကျနော့်ကိုကျယ်ကျယ်ပြန့်ပြန့်ကြီး မရှင်းပြခဲ့ပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေအရ ကျနော်တို့ စဉ်းစားရမဲ့အချိန်ကောင်းဖြစ်တယ်။

တိုင်းရင်းသားပြည်သူလူထုလဲ စစ်အစိုးရအုပ်စိုးမှုအောက်မှာ နှစ်ရှည်လများ ကျဉ်းကျပ်စွာနေလာပြီးပြီ။ လွတ်မြောက်ချင်လှပြီ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရချင်ကြပြီ။ တိုက်ပွဲဝင်ခဲ့ကြပြီ၊ သေခဲ့ကြပြီ၊ ဆက်လက်ပြီးလဲ တိုက်ခိုက်သွားဦးမှာဘဲ။

ရှေးဆိုရိုးစကားရှိပါတယ်။ ကျောက်ခဲကို ကြက်ဥနဲ့မထုနဲ့၊ ကြက်ဥကို ကျောက်ခဲနဲ့ ထုရမယ်။ ကျနော်တို့ဟာ ရန်သူထက် အမြဲတမ်းခိုင်မာ နေရမယ်။ အဆင်သင့် ရှိနေဖို့လိုတယ်။ ရန်သူကိုခုခံနိုင်ဖို့ ရန်သူထက်အား သာနေရမယ်။ ဒီ့အတွက် ကျနော်တို့ပတ်ပတ်လည်မှာ မဟာမိတ်တွေ အများကြီးရှိဖို့လိုတယ်။

## ကြက်ဥ ဖြစ်မဲ့အစား ကျနော်တို့ကျောက်ခဲဖြစ်ဖို့သင့်ပြီ

အင်္ဂလိပ်ကိုလိုနီလက်ထက်တုန်းက လွတ်လပ်ရေးရဖို့ ဖြစ်နိုင်တဲ့ အခြေအနေတွေရှိမယ်။ ဗမာစစ်တပ်လဲ အဲဒီအချိန်မှာအားနည်းနေတုန်း။ တိုင်းရင်းသားအုပ်စုတွေလဲ ဒုတိယကမ္ဘာစစ်က ကျန်ခဲ့တဲ့ လက်နက်တွေ အများကြီးရှိတယ်။ ဒီကနေ့နဲ့စာရင် ကျနော်တို့အခြေအနေဟာ လွန်ခဲ့တဲ့ဒုတိယကမ္ဘာစစ်ထက် ချိနဲ့ပါတယ်။ ကံမကောင်းစွာဘဲ ဗမာစစ်တပ်ထက် ကျနော်တို့ဟာ အရာရာတိုင်းနီးပါး ပျော့ညံ့ခဲ့ပါတယ်။

ဒီကနေ့ ကျနော်တို့ပိုပြီး စုစည်းလာသလောက် ရန်သူကလဲ ကျနော်တို့ထက် ပိုအားကောင်းလာတယ်။ အာဆီယံနိုင်ငံတွေ သိပ်မကြိုက်ကြတဲ့ အိမ်နီးချင်းအိန္ဒိယနဲ့ တရုတ်တွေဟာ ကျနော်တို့နိုင်ငံ ပရမ်းပတာဖြစ်မှာကို သိပ်မလိုချင်တာလဲ ကျနော်တို့သိတယ်။ ကျနော်တို့ တိုင်းရင်းသား တွေ ပြည်ထောင်စုထဲကခွဲထွက်မှာကိုလဲ သူတို့မလိုလားဘူး။ ၁၉၉၃ တုန်းက ခွန်ဆာသျှမ်းပြည်လွတ်လပ်ရေး ကြေငြာတာကိုကြည့်ရင် ထင်ရှားစွာမြင်နိုင်ပါတယ်။ သူ့ရဲ့စစ်တပ်ကို ဗမာစစ်တပ်က တရုပ်အကူအညီနဲ့ တိုက်ခိုက်ပြီး ရွေးစရာလမ်းမရှိတော့လို့ နှစ်နှစ်အကြာမှာ လက်နက်ချခဲ့ရပါတယ်။ ဒါဟာ ကျောက်တုံးကို ကျနော်တို့ ကြက်ဥနဲ့ ပစ်ပေါက်ခဲ့လို့ ဖြစ်ရတာပါဘဲ။


ဗိုလ်ချုပ်ကြီး ကွဏ်းဇိန်း (ဝါ) မိုးဟိန်း

ကိုယ့်ပြည်ထောင်လွတ်လပ်ဖို့အတွက် တစ်ခုတည်းသော လက်နက်ကိုင်တိုက်ခိုက်ရေးလမ်းစဉ်ဟာ မအောင်မြင်နိုင်ဘူးဆိုတာ လက်ခံရမယ်။ လက်မခံဘူးဆိုရင် ဆင်းရဲခြင်း၊ ရှုံးနိမ့်ခြင်းနဲ့သာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါကြောင့် နည်းဗျူဟာတွေပြောင်းလဲပြီး တစ်စိတ်တစ်ဝမ်းတည်းဖြစ်ဖို့ အချိန်တန်ပြီ။ အနဲဆုံးရန်သူကိုအားနည်းအောင်လုပ်ပြီး ကျနော်တို့စည်းလုံးညီညွတ်ရမယ်။ အကောင်းဆုံးကတော့ ကြက်ဥဖြစ်မဲ့အစား ကျနော်တို့ကျောက်ခဲဖြစ်ဖို့သင့်ပြီ။

သျှမ်းပြည်အတွက် အသက်စွန့်သွားခဲ့တဲ့ ဗိုလ်ချုပ်ကြီး ကွဏ်းဇိန်း (ဝါ)မိုးဟိန်းရဲ့ အကြံပြုချက်ကို အမှတ်ရနေမိတယ်။ အကယ်၍ သျှမ်းပြည်လွတ်လပ်ဖို့အတွက် မလုပ်နိုင်ဘူးဆိုရင်လဲ ဗမာပြည်လွတ်လပ်အောင်လုပ်ရမှာဘဲ–တဲ့။လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်က **Mr.Gilbert** ပြောခဲ့တဲ့အတိုင်း အယူ အဆချင်းတူတယ်။ ကျနော်တို့ တိုင်းရင်းသားတွေဟာ ကိုယ့်လူမျိုးကို ထိန်းသိမ်းပြီး ကိုယ့်တိုင်းပြည်အတွက် ဦးဆောင်ရမှာဖြစ်သလို ဗမာပြည်တစ်နိုင်ငံလုံးအတွက် လဲပဲရှေ့ဆောင်လမ်းပြ ဖြစ်ရမယ်။

လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေကြတဲ့ ညီအကိုမောင်နှမအားလုံးကိုယ့်ရဲ့နည်းဗျူဟာတွေ ပြန်လည်ဆန်းစစ်စေချင်တယ်။ ဘယ်လိုဘဲဖြစ်ဖြစ် လက်ရှိအခြေအနေထက်တော့ ပိုကောင်းလာမှာပါ။ ကျနော်တို့ ကျောက်ခဲအချင်းချင်းတိုက်ခတ်နေမဲ့အစား ကြက်ဥကို ကျောက်ခဲနဲ့ ရိုက်နိုင်ဖို့နည်းလမ်း ရှာရမှာဖြစ်တယ်။ ကျောက်ခဲဖြစ်ဖို့ မလွယ်ပေမဲ့ နည်းမှန်လမ်းမှန်တွေ့အောင်တော့ ကြိုးပမ်းရပါမယ်။ ကျနော်တို့တိုင်းရင်းသားတွေ ကျောက်စိုင်ကျောက်သားလို စုစည်းခိုင်မာရင် ရန်သူဟာကြက်ဥလို အစိတ်စိတ်အမွှာမွှာကွဲသွားမှာ သေချာပါတယ်။

**ဦးခွန်ဆိုင်း ဉက္ကဌ SSCDC**



လုၵ်ႈဢွၼ်ႇလဵင်ႉဝူဝ်းၵႂၢႆး ဝၢၼ်ႈၽၵ်းၸၢမ်ႇ (ႁိမ်းတၢင်းၵႃးမိူင်းယႆ–မိူင်းသူႈ) ယၢၼ်ၽႃႇႁၵ်ႉ,ၶေးသီးမွၵ်ႈ 8 လၵ်း




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org